# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၄၇)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် ၊ ၁၉–၁၁–၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ သို့ ❑

### ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီ မိနစ် ၃၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ ၊ (MICC – 1) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD ၊ MRTV Parliament ၊ MWD HD ၊ MWD Variety HD Channel ၊ Readers channel၊ channel 9 နှင့် Up to Date Channel ၊ မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ MOI Website ၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရခိုင်... ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၁၉ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

## မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ ( Quick Impact Projects-QIP) အကောင်အထည် ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၁၀ စောင်ကို နိုဝင်ဘာ ၁၇ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရာသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးများ၊ အကောင်အထည်ဖော်မည့်ဌာနများမှ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ သံရုံးဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှတ်တမ်းမော်ကွန်းများကို ဒစ်ဂျစ်တယ်နည်းဖြင့် ထိန်းသိမ်းခြင်း မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကို အမျိုးသား စီမံကိန်းဝန်ကြီးဌာန၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့်တိုင်းရင်းသားများအတွက် အိမ်သုံးဆိုလာစနစ်များထောက်ပံ့ခြင်းစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမြတ်မုနိဘုရားတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အနုပညာလက်ရာများအစားထိုးရေးဆွဲခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံနို့စားကျွဲမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ သမဝါယမအသင်းသားတောင်သူများထံသို့ မှတ်ပုံတင်ထားပြီး အရည်အသွေးမြင့်မားသော ဝါနှင့်မတ်ပဲမျိုးစေ့များပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ်စွမ်းအား မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ JCB အမျိုးအစား Breaker Gun ပါဝင်သော မြေတူးကော်တင်စက်(အသေး) တစ်စီးဝယ်ယူခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ပုံစံမပျက်စစ်ဆေးသော စမ်းသပ်ကိရိယာများ ဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Offline အင်္ဂလိပ်ဘာသာစကားသင်တန်း တည်ထောင်ဖွင့်လှစ်ခြင်းစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း ဝါနှင့် မတ်ပဲမျိုးများရရှိရေးလုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆိုလာစွမ်းအင်သုံးရေတင်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က လက်မှတ် ရေးထိုးကြပြီး အဆိုပါနားလည်မှု စာချွန်လွှာများတွင် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma က လက်မှတ်ရေးထိုးခဲ့ကြသည်။

စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်(၂၀၂၅ ခုနှစ်အောင်) (ပထမနှစ်ဝက်) သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်)သင်တန်းများကို (၁၇-၁၁-၂၀၂၅) ရက် (တနင်္လာနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး (၂၄-၁၁-၂၀၂၅)ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သမဝါယမဦးစီးဌာန

## ၁၈ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၇၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ညောင်ဦးမြို့နယ်တောင်ရွေ့ကျေးရွာ၌ သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်

ညောင်ဦး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် တောင်ရွေ့ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်လှိုင်သိန်း(သင်တန်းနည်းပြ)က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်လှစ်သင်ကြားပေးမှုအပေါ် သင်တန်းကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ညောင်ဦးမြို့နယ် တောင်ရွေ့ကျေးရွာအုပ်စုမှ သင်တန်းသား ဦးရေ ၂၀ ဦး တက်ရောက်သင် ကြားခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချပေး သွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းထံမှ သိရသည်။

(၄၄၅)

## စစ်ကိုင်းမြို့တွင် ပလပ်စတစ်ညစ်ညမ်းမှုအန္တရာယ် စုပေါင်းကာကွယ် Talk Show ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၁၈

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ပလပ်စတစ်ညစ်ညမ်းမှုအန္တရာယ်စုပေါင်းကာကွယ်အသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းက Talk Show ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သူဇာဦးက ပလတ်စတစ် ဖြစ်ပေါ်လာပုံ၊ တစ်ခါသုံး ပလတ်စတစ်၏အဓိပ္ပါယ်၊ ပလတ်စတစ် ပစ္စည်းများ၏ ဆိုးကျိုးများနှင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများအား ဆွေးနွေးပေးခဲ့သည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ Talk Show အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အေးငြိမ်းစံ

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

မန္တလေး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ အုတ်စက်ရပ်ကွက်၊ မွှားရုံဝင်းအတွင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၉ ရက်တွင်အောင်မြေသာစံမြို့နယ်၊ ၁၀လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း- မန္တလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်းနှင့် ၄၃လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂) ၈၂လမ်းနှင့် ၂၄လမ်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ ရွှေဖုံးမှ

အစည်းအဝေးမစတင်မီ ဒုတိယဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား လျှုဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ - ၄ တွင် သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုက္ကုစရိယ က တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစန ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလ ကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဘောဂ ကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ၌ ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကိုရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

### မေးမြန်းဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ၊ ရွေးကောက်ပွဲအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ သံတမန်များအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနိုင်ရေး ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## တီဘီလူနာနှင့် အတူနေသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် TPT တိုက်ကျွေးခြင်း ဗဟိုအဆင့်သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၈

တီဘီလူနာနှင့် အတူနေသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် TPT တိုက်ကျွေးခြင်း ဗဟိုအဆင့်သင်တန်း "TOT on TB Contact Investigation and TB Preventive Treatment" ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန တာဝန်ခံများနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တီဘီမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တီဘီလူနာနှင့် အတူနေသူများအား စစ်ဆေးပြီး တီဘီရောဂါရှာဖွေခြင်းလုပ်ငန်း (TB-Contact Investigation) သည် အကုန်အကျသက်သာပြီး ထိရောက်မှုရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တီဘီရောဂါရှိသူကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်ခြင်းကြောင့် လူနာ၏ ရောဂါခံစားရမှုကို လျော့ပါးစေခြင်း၊ အခြားသူများသို့ ရောဂါကူးစက်မှု လျော့နည်းစေခြင်းနှင့် လက္ခဏာမပြသေးသော တီဘီပိုးကူးစက်ခြင်းခံနေရသူများအား ဖော်ထုတ်ကုသနိုင်မည်ဖြစ်ကြောင်း၊ ပိုးတွေ့တီဘီ၊ ဆေးယဉ်ပါးတီဘီ၊ တီဘီ-အိပ်ချ်အိုင်ဗွီနှင့် အသက်(၅)နှစ်အောက် ကလေးတီဘီလူနာများနှင့် အတူနေသူများအား Contact Investigation မဖြစ်မနေ ဆောင်ရွက်ရန်လိုကြောင်း၊ TB Contact Investigation ဆောင်ရွက်ခြင်းဖြင့် တီဘီရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ခြင်း အကျိုးရလဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပိုးတွေ့တီဘီလူနာနှင့် အတူနေသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအား တီဘီရောဂါရှိမရှိစစ်ဆေးပြီး တီဘီရောဂါမရှိပါက TB Preventive Treatment (TPT) တိုက်ကျွေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတ်မှတ်တီဘီလူနာနှင့် တစ်အိမ်တည်းအတူနေသူများတွင်သာမက အနီးကပ်ထိတွေ့သူများကိုလည်း စစ်ဆေး၍ တီဘီရောဂါကို စောစီးစွာ ရှာဖွေဖော်ထုတ်ကုသမှုပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)၊ အင်္ဂါနေ့ ]

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေးသို့ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာ နာယကဆရာတော် အရှင်မြတ်တို့ဘုရား-

ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို အလေးဂရုမထားဘဲ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ တွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါကြောင်း ဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဤအစည်းအဝေး၌ ဆရာတော်တို့အား ဝိနယပိဋကပါဠိ၊ စူဠဝဂ္ဂပါဠိတော်၌ လာသော

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊**

**သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ** ဟူသော မြတ်စွာဘုရား၏ သုခလေးဖြာ ဩဝါဒကထာကိုပင် လျှောက်ထားအပ်ပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

(၁) သဗ္ဗညုဘုရားရှင်တို့၏ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းကို ဗုဒ္ဓုပ္ပါဒသုခဟု ခေါ်ဆိုရပါသည်။

(၂) သဗ္ဗညုဘုရားရှင်တို့၏ သဒ္ဓမ္မသုံးဖြာ ဒေသနာတော်ကို လူနတ် ဗြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု ခေါ်ဆိုရပါသည်။

(၃) သံဃာတော်၏ ညီညွတ်ခြင်းကို သံဃသာမဂ္ဂီသုခဟု ခေါ်ဆိုရပါသည်။

(၄) ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန လုံ့လဝီရိယ လေးပါးကို ပွားများကြိုးကုတ် အားထုတ်ကျင့်သုံးခြင်းကို တပေါသုခ ဟု ခေါ်ဆိုရပါသည်ဘုရား။

အနည်းငယ်ချဲ့၍ ရှင်းလင်းလျှောက်ထားရပါလျှင် အကယ်၍သာ သဗ္ဗညုဘုရားရှင် ပွင့်ထွန်းတော်မမူခဲ့ပါလျှင်၊ ပွင့်ထွန်းတော်မူပါသော်လည်း သူတော်ကောင်းတရားကို ဟောကြားတော်မမူခဲ့လျှင် လူနတ်ဗြဟ္မာ သတ္တဝါတို့ ပွားများကျင့်သုံးရမည့် ကုသိုလ်တရား၊ ပယ်ရှားထွက်ခွာရမည့် အကုသိုလ်တရားတို့ကို ခွဲခြားပိုင်ပိုင် မသိနိုင်ကြသောကြောင့် ပွားများရမည့် ကုသိုလ်တရားကို မပွားများ မကျင့်သုံးကြရ၊ ပယ်ရမည့်အကုသိုလ် ဒုစရိုက်တရားကို မပယ်ရှား မထွက်ခွာကြဘဲ **"ပါပသ္မိံ ရမတိ မနော"** ဟူသော ဓမ္မပဒ၊ ပါပဝဂ်လာ ဒေသနာတော်အတိုင်း အကုသိုလ် ဒုစရိုက်တို့၌သာ ပျော်ပိုက်လေ့ရှိကြသဖြင့် ဒုဂ္ဂတိဘဝများသို့သာ လားရောက်ကြ၍ ဒုက္ခကြီးစွာ တွေ့ကြုံခံစားရမည်သာဖြစ်ပါသည်ဘုရား။

ယခု ဗုဒ္ဓုပ္ပါဒနဝမခေတ်တွင်မူ မြတ်စွာဘုရား ပွင့်တော်မူ၍ သူတော်ကောင်းတရားကို ချီးမြှင့်ဟောကြားတော်မူခြင်းကြောင့် လူနတ် ဗြဟ္မာ သတ္တဝါတို့ ပွားများကျင့်သုံးရမည့် ကုသိုလ်တရား၊ ပယ်ရှားရမည့် အကုသိုလ်တရားတို့ကို ခွဲခြားသိမြင်ကြ၍ ကုသိုလ်တရားကို ပွားများ၊ အကုသိုလ်တရားတို့ကို ပယ်ခွာရှောင်ရှားနိုင်ကြသဖြင့် ဘုရားရှင်တို့ ပွင့်ပေါ်တော်မူခြင်းကို **"ဗုဒ္ဓုပ္ပါဒသုခ"**၊ သူတော်ကောင်းတရား ဟောကြားတော်မူခြင်းကို **"သဒ္ဓမ္မဒေသနာသုခ"** ဟု ခေါ်ဆိုရပါသည်ဘုရား။

ဤသုခနှစ်ပါးတို့သည် တပည့်တော်များ ပြုလုပ်အားထုတ်၍ ရစကောင်းသော သုခများ မဟုတ်ကြ၊ ဘုရားရှင်တို့ ကိုယ်တော်တိုင်သာ ပြုလုပ်နိုင်သော ဘုရားရှင်တို့နှင့်သာ သက်ဆိုင်သော သုခများ ဖြစ်ကြပါသည်ဘုရား။ ဤ သုခနှစ်ပါးတို့ကို ဘုရားရှင်ကိုယ်တော်မြတ်က လူနတ်ဗြဟ္မာ သတ္တဝါတို့အတွက် အပြည့်အစုံ ချီးမြှင့်ဆောင်ရွက်တော်မူခဲ့ပြီး ဖြစ်ပါသည်ဘုရား။

တတိယမြောက် သံဃာတော်၏ညီညွတ်ခြင်း သံဃသာမဂ္ဂီသုခနှင့် ပတ်သက်၍ လျှောက်ထားရပါလျှင် ဘုရားရှင်၏ တပည့်သာဝက သံဃာတော်များ မညီညွတ်ခဲ့ပါက ဝိဝါဒ-ငြင်းခုံမှု၊ ဝိဂ္ဂဟ-ဆန့်ကျင်မှု၊ ကလဟ- ကိုယ်နှုတ်ထိပါး ခိုက်ရန်ပွားမှုများဖြစ်ကြ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့ ဆင်းရဲဒုက္ခ ကြီးစွာရောက်ကြရမည်သာ ဖြစ်ပါသည်ဘုရား။ အကြင်ရွာ၊ အကြင်မြို့၊ အကြင်တိုင်းနိုင်ငံ၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၌ အချင်းချင်း မညီမညွတ် စိတ်ဝမ်းကွဲပြားကြ၏။ ထိုရွာ၊ ထိုမြို့၊ ထိုတိုင်းနိုင်ငံ၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် မချမ်းသာဘဲ ဆင်းရဲနေမည်သာ ဖြစ်ပါသည်ဘုရား။

ဣတိဝုတ္တက ပါဠိတော်၊ သံဃဘေဒသုတ်၌-

"ဧကော ဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနာဟိတာယ ဗဟုဇနာသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ကတမော ဧကော ဓမ္မော သံဃဘေဒေါ။ သံဃေ ခေါ ပန ဘိက္ခဝေ ဘိန္နေ အညမည့် ဘဏ္ဍနာနိ စေဝ ဟောန္တိ၊ အညမည့် ပရိဘာသာ စ ဟောန္တိ၊ အညမည့် ပရိက္ခေပါ စ ဟောန္တိ အညမည့် ပရိစ္စဇနာ စ ဟောန္တိ တတ္ထ အပ္ပသန္နာ စေဝ နပ္ပသီဒန္တိ၊ ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တံ ဟောတိ။



ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ စီးပွားမဲ့ရန်၊ ချမ်းသာမဲ့ရန်၊ အကျိုးမဲ့ရန်၊ နတ်လူတို့ စီးပွားမဲ့ရန်၊ ဆင်းရဲရန်ဖြစ်၏။ တစ်ခုသော တရားဟူသည် အဘယ်နည်း။ သံဃာကွဲပြားခြင်းပင်တည်း။ ရဟန်းတို့ သံဃာကွဲပြားသည်ရှိသော် (သံဃာကွဲပြားခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ ခြိမ်းခြောက်မှု၊ ပြစ်တင်ရှုတ်ချမှု၊ အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့ ဖြစ်ကြရကုန်၏။ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသေးသူတို့လည်း မကြည်ညိုကြတော့ကုန်၊ ကြည်ညိုပြီးသော အချို့သူတို့လည်း အကြည်ညိုပျက်ကြကုန်၏"ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဣတိဝုတ္တက ပါဠိတော်၊ သံဃသာမဂ္ဂီသုတ်တော်၌-

"ဧကော ဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကော ဓမ္မော သံဃသာမဂ္ဂီ။ သံဃေ ခေါ ပန ဘိက္ခဝေ သမဂ္ဂေ န စေဝ အညမည့် ဘဏ္ဍနာနိ ဟောန္တိ၊ န စ အညမည့် ပရိဘာသာ ဟောန္တိ၊ န စ အညမည့် ပရိက္ခေပါ ဟောန္တိ န စ အညမည့် ပရိစ္စဇနာ ဟောန္တိ တတ္ထ အပ္ပသန္နာ စေဝ ပသီဒန္တိ၊ ပသန္နာနဉ္စ ဘိယျောဘာဝေါ ဟောတိ။

ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်၊ အကျိုးရှိရန်၊ နတ်လူတို့ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်သာဖြစ်ပေ၏။ တစ်ခုသောတရားဟူသည် အဘယ်နည်း။ သံဃာညီညွတ်ခြင်းပင်တည်း။ ရဟန်းတို့ သံဃာညီညွတ်သည်ရှိသော် (သံဃာညီညွတ်ခြင်းကြောင့်) အချင်းချင်း ငြင်းခုံမှု၊ ခြိမ်းခြောက်မှု၊ ပြစ်တင်ရှုတ်ချမှု၊ အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့ မဖြစ်ကြကုန်။ ထိုသံဃာ ညီညွတ်ရာ၌ မကြည်ညိုသေးသူတို့လည်း ကြည်ညိုကြကုန်၏။ ကြည်ညိုပြီးသူတို့လည်း တိုး၍ကြည်ညိုကြကုန်၏။" ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူပါသည် ဘုရား။ ထို့ကြောင့် သံဃာတော်၏ ညီညွတ်ခြင်းကို သံဃသာမဂ္ဂီသုခ ဟု ခေါ်ဆိုရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာတော်တို့ မကွဲပြား ညီညွတ်ရုံသာ ညီညွတ်ကြ၍ သမ္မပ္ပဓာန် လေးပါး အကျင့်တရားကို ကျင့်သုံးအားထုတ်မှုမရှိကြဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြမည်မဟုတ်ပါဘုရား။ ညီညွတ်သော သံဃာတော်တို့ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများ ကြိုးကုတ်အားထုတ်မှသာ ချမ်းသာသုခကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများကြိုးကုတ် အားထုတ်ခြင်းကို "တပေါသုခ"ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးရှိ အယူသီလ တူညီကြကုန်သော တစ်ပြည်လုံးရှိ သံဃာတော်များ ၁၉၈၀ ပြည့်နှစ်တွင် ပြည့်ပြည့်ဝဝ ညီညွတ်မှုရရှိကာ သာသနာ့သမိုင်းဝင် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ တပည့်တော်တို့၏ ရှေးရှေး သီလဝန္တ သိက္ခာကာမ သာသနာ့ အာဇာနည် ဆရာအရှင်မထေရ်မြတ်ကြီးများ၏ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးစသော ရည်ရွယ်ချက်များ၊ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" မူများနှင့်အညီ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်ဘုရား။

ထိုရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သော ဓမ္မဝိနယနှင့်ညီညွတ်၍ ခေတ်ကာလနှင့် လျော်ညီသော ပြဋ္ဌာန်းချက်များအတိုင်း တပည့်တော်တို့ သံဃပိတုသံဃာ့ ဥဿျောင်မထေရ်တို့ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသည့် နည်းအတိုင်း သံဃာတော်များ အစဉ်အဆက် ညီညီညွတ်ညွတ် ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမအကြိမ် ၅ နှစ်သက်တမ်းမှ ယခု နဝမအကြိမ်ထိရောက်ရှိလာခဲ့ပြီးဖြစ်ပါသည် ဘုရား။ ထိုသို့ သံဃနာယကအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လာကြသည့် ၄၅ နှစ် သက်တမ်းတွင် သာသနပစ္စတ္ထိကဖြစ်သည့် သာသနာအတွင်းရန်သူ အပြင်ရန်သူ အမျိုးမျိုးကို ရှင်းလင်းသုတ်သင်၍ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကြီးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်ဘုရား။ ဥပမာဆောင်ပြရလျှင် ခေတ်အဆက်ဆက် နှိမ်နင်းဆောင်ရွက်ခဲ့ကြသော ဓမ္မ အဓမ္မ၊ ဝိနယ အဝိနယ ကိစ္စရပ်များ၊ လက်ရှိတပည့်တော်တို့ကာလတွင် သာသနာအတွင်းသား ရဟန်းသာမဏေအချို့၏ မြေပြင် သမဏသာရူပ မဆောင်သည့် ပြုမူဆောင်ရွက်ချက်များ၊ လူမှုကွန်ရက်ပေါ်တွင် သမဏသာရူပ မဖြစ်သည့် လွှင့်တင်မှုများမဖြစ်စေရေး တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များကတစ်ဆင့် မြို့နယ်သံဃနာယကအဖွဲ့များထံ၊ မြို့နယ်သံဃနာယကအဖွဲ့များကတစ်ဆင့် သက်ဆိုင်ရာကျောင်းတိုက်၊ ကာယကံရှင်များထံ တားမြစ်ရ ဆုံးမဩဝါဒပေးရသည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြရပါသည်ဘုရား။ သာသနာအတွင်းသား ရဟန်းသာမဏေမဟုတ်သည့် အခြားပုဂ္ဂိုလ်များ၏ ဘုရားရှင်သာသနာတော်ကို ထိခိုက်အောင် သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်ချက်များ လူမှုကွန်ရက်များဖြစ်သော ဖေ့စ်ဘွတ်ခ်၊ တစ်တော့၊ ယူကျူ့စသည်တို့တွင် ပျံ့နှံ့လာသောကြောင့် ဓမ္မစက် အာဏာစက်ဖြင့် ထိရောက်စွာအရေးယူရခြင်းများလည်း ရှိနေပါသည်ဘုရား။ ထိုသို့သော ကိစ္စရပ်များကိုလည်း သံဃနာယကအဆင့်ဆင့်အနေဖြင့် မျက်ခြည်မပြတ် ဂရုတစိုက် ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။ ဤသို့ ဆောင်ရွက်လာနိုင်ခဲ့ကြခြင်းသည် ဘုရားရှင်၏အဆုံးအမ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးအတိုင်း အစဉ်အဆက် ထိန်းသိမ်းခဲ့ကြခြင်းကြောင့်သာ နှစ်ပေါင်းများစွာ ညီညီညွတ်ညွတ် ကျော်ဖြတ်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု လျှောက်ထားလိုပါသည်ဘုရား။

ဘုရားရှင်မိန့်ကြားတော်မူခဲ့သော သုခလေးဖြာ ဩဝါဒကထာတို့တွင် ဗုဒ္ဓုပ္ပါဒသုခနှင့် သဒ္ဓမ္မဒေသနာသုခ နှစ်ပါးတို့သည် တပည့်တော်တို့က ပြုလုပ်အားထုတ်၍ ရကောင်းသော သုခမဟုတ်ကြ၊ ဘုရားရှင်တို့သာ ပြုလုပ်နိုင်သော သုခနှစ်ပါး၊ ဘုရားရှင်တို့နှင့်သာ သက်ဆိုင်သော သုခနှစ်ပါးဖြစ်ကြပါသည်ဘုရား။ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးတို့သည် ဘုရားရှင်၏ တပည့်သာဝက သံဃာတော်အပေါင်း၏ တာဝန်ဖြစ်သည့် သုခများ ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါများ စီးပွားချမ်းသာဖြစ်စေရန်၊ ဘုရားရှင် သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲ၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်စေရန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် အဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်းတို့ အရှည်တည်တံ့ခိုင်မြဲ၍ စိတ်ချမ်းသာစွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြစေရန် ရည်သန်တော်မူကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ အချင်းချင်းလည်းကောင်း၊ အဖွဲ့ဝင်အချင်းချင်းလည်းကောင်း၊ သံဃနာယကအထက်အဆင့် အောက်အဆင့် အချင်းချင်းလည်းကောင်း ကလဟ-ဝိဝါဒ မဖြစ်အောင် ညီညွတ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ ဆောင်ရွက်ကြရာတွင် ဘုရားရှင်၏ သုခလေးဖြာ ဩဝါဒကထာ လာ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါး ပြည့်ဝနိုင်ရေး ဦးတည်ကြရမည်ဖြစ်သကဲ့သို့ တပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းစသော ပြဋ္ဌာန်းချက်များ၊ ညွှန်ကြားလွှာများ စသည်တို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် သံဃာ့အဖွဲ့အစည်းအသီးသီးတွင်လည်း အဖွဲ့ငယ်တစ်ဖွဲ့၏ ဆောင်ရွက်ချက်ကို အခြားအဖွဲ့ငယ်များက အလေးဂရုပြု၍လည်းကောင်း၊ အဖွဲ့ဝင်တစ်ပါး၏ တင်ပြချက်ကို အခြားအဖွဲ့ဝင်များက အလေးဂရုပြု၍လည်းကောင်း၊ ၄၇ ပါးစုံညီ အစည်းအဝေး ဆုံးဖြတ်ချက်များကိုမူ အဖွဲ့ခွဲအားလုံးက အထူးပင် အလေးဂရုပြု၍လည်းကောင်း ပြေပြစ်ချောမော သဘောညီမျှစေရန် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာ အပြည့်အဝထားတော်မူကြကာ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၃၉
ရက်
သာ လိုတော့သည်။

## “နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှုလမ်းကြောင်းသို့ ဦးတည်ခြင်း - စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏ အယူအဆကို ထည့်သွင်းခြင်း” ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

“နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှုလမ်းကြောင်းသို့ ဦးတည်ခြင်း- စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏ အယူအဆကို ထည့်သွင်းခြင်း” ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ MGALLERY ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ဘာသာရပ်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ(တရုတ်) မှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

**အထောက်အပံ့ပြုနိုင်မည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ရေရှည်တည်တံ့ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် သဘောတရားများကို နောင်တွင်ချုပ်ဆိုမည့်၊ အဆင့်မြှင့်တင်မည့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် ထည့်သွင်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို လျှော့ချနိုင်ပြီး အိမ်ရှင်စာချုပ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းချပိုင်ခွင့်ကို ရရှိနိုင်ခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် အောင်မြင်နိုင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ဒေသတွင်းအဆင့်ကျင့်သုံးနိုင်ရေး ကြိုးပမ်းအားထုတ်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကတိကဝတ်ပြုမှုကို ထင်ဟပ်စေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုဆပ်ကော်မတီ၏ ဟောင်ကောင်ပူးတွဲသဘာပတိ Mr. CHAR Chi Man၊ အာဆီယံပူးတွဲသဘာပတိ Ms. Rozieyanahayu Ab Rahman နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာနခွဲမှ အကြီးတန်းအရာရှိ Ms. Yuanita Ruchyat တို့က ဒေသတွင်းအဆင့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များတွင် စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာအချက်များ ထည့်သွင်းနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒချမှတ်ခြင်းတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဥပဒေကော်မရှင်၊ ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များက ရေရှည်တည်တံ့ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်တို့၏ ဆက်စပ်မှုနှင့် ယင်းဆက်စပ်မှုအပေါ်အခြေခံ၍ စာချုပ်ဝင်နိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြား အငြင်းပွားမှုလျှော့ကျစေခြင်းဆိုင်ရာ အချက်များနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**နှစ်ရက်ကြာ ကျင်းပသွားမည်**

အဆိုပါ ဆွေးနွေးပွဲကို အာဆီယံ - ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အောက်ရှိ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့က ပူးပေါင်း၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၂၂၄ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။



ယနေ့နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့်ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ် (၁)မှ အတွဲအမှတ် (၂၄၆) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၂၄ တွဲ ရောင်းချရကြောင်း ကြေညာသည်။

မွန်လွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေး၍ ရောင်းချနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲအမှတ်(၂၄၇)မှ အတွဲအမှတ်(၄၈၉)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ ကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲနှင့် ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ၊ ဘီ၊ စီ) အဖြစ် (၃) အုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင်မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီဒေသတွင်ပြုလုပ်နေသော Online လိမ်လည်လောင်းကစားမှုတိုက်ဖျက်ချေမှုန်းနေမှုများ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ ကျွန်တော်တို့ မိဘပြည်သူများနှင့် မီဒီယာများကို အသိပေးပြောကြားလိုတာကတော့ မြဝတီဒေသမှာပြုလုပ်နေတဲ့ Online လောင်းကစားမှု တိုက်ဖျက်ချေမှုန်းရေးကိစ္စတွေ၊ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်နေမှုကိစ္စတွေကို ပြောလိုပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၁၈ ရက်နေ့ မနက်မှာပဲ မြဝတီမြို့ရဲ့မြောက်ဘက်မှာရှိတဲ့ ရွှေကုက္ကိုလ်နယ်မြေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ ပထမဦးစွာ အဲဒီထဲမှာရှိနေတဲ့ ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်ထားတဲ့ အဆောက်အအုံ သုံးလုံးကို အရင်ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ အဲဒီထဲကနေ စိစစ်ဆဲ နိုင်ငံခြားသား ၃၄၆ ဦး ဖမ်းမိခဲ့ပါတယ်။ Online လောင်းကစားမှုမှာ အသုံးပြုနေတဲ့ ဖုန်းအလုံးရေ တစ်သောင်းနီးပါးလောက် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပစ္စည်းတွေလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကို ထွက်ပြေးမယ့်သူတွေကိုလည်း ကျွန်တော်တို့ ပိတ်ဆို့ ဖမ်းဆီးလျက်ရှိပါတယ်။ ဒီနယ်မြေမှာ Online လောင်းကစားမှုလုပ်ဆောင်နေတဲ့ နယ်မြေ သုံးခုရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်ကတော့ KK Park နယ်မြေ၊ နံပါတ်နှစ်ကတော့ ရွှေကုက္ကိုလ်နယ်မြေနဲ့ နံပါတ်သုံးကတော့ ကျောက်ခတ်နယ်မြေဖြစ်ပါတယ်။ KK Park နယ်မြေကတော့ အားလုံးသိတဲ့အတိုင်းပဲ မြဝတီမြို့ရဲ့ တောင်ဘက်မှာရှိတယ်။ ရွှေကုက္ကိုလ် နယ်မြေကတော့ မြဝတီမြို့ရဲ့ မြောက်ဘက်မှာရှိတယ်။ ကျောက်ခတ်ဒေသကတော့ တောင်ဘက်အစွန်ဆုံးပေါ့။ KK Park ရဲ့တောင်ဘက်မှာရှိတဲ့ နယ်မြေတွေဖြစ်ပါတယ်။ ဒီနေရာတွေမှာ ဘယ်သူတွေပါဝင်ပတ်သက်နေတယ်ဆိုတဲ့ဟာကလည်း ကျွန်တော် ယခင်တုန်းက အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ KK Park နယ်မြေနဲ့ပတ်သက်ပြီး ကျွန်တော် အားလုံးကို ရှင်းလင်းပြောပြတဲ့နေရာမှာ အထောက်အထားတွေနဲ့ ဘယ်သူတွေနဲ့ ဘယ်အချိန်တုန်းက စာချုပ်ချုပ်ခဲ့တယ်၊ KNU အဖွဲ့ထဲကသူတွေနဲ့ စာချုပ်ဘယ်လိုချုပ်ခဲ့တယ်၊ ဘယ်လိုမျိုးဆောင်ရွက်ခဲ့တယ်၊ ဘယ်သူတွေပါဝင်ပတ်သက်ခဲ့တယ်ဆိုတာ ကျွန်တော် ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်။ KK Park နယ်မြမှာ အဓိကကတော့ မုလအိအလင်းကုမ္ပဏီ၊ Tran-Asia International Holding Group ( Thailand) ကုမ္ပဏီတွေ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်နယ်မြေမှာကတော့ Myanmar Yatai International Holding Group ကုမ္ပဏီ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ကျောက်ခတ်နယ်မြေမှာကတော့ Chongkhaed Garden Resort ကုမ္ပဏီက ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ အဲဒီနယ်မြေမှာ ရောက်ရှိပြီး Online လောင်းကစားမှုတွေ၊ Online လိမ်လည်မှုတွေ လုပ်ဆောင်နေတယ်ဆိုတဲ့ နိုင်ငံခြားသားတွေ ဘယ်လိုမျိုးရောက်ရှိလာသလဲဆိုတဲ့ဟာကို ကျွန်တော်တို့ရှင်းပြပြီးဖြစ်ပါတယ်။ အဲဒီကိုရောက်ရှိလာတဲ့ Online လိမ်လည်တဲ့ နိုင်ငံခြားသားတွေဟာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းလောက်က တစ်ဖက်နိုင်ငံကနေ တစ်ဆင့် မြန်မာနိုင်ငံထဲကို ကူးပြောင်းရောက်ရှိလာတာဖြစ်ပါတယ်။ အဲဒီနယ်မြေမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးတော့ မြဝတီမြို့နဲ့အလှမ်းကွာဝေးတဲ့ ခုနကနယ်မြေတွေမှာ တိုင်းရင်းသားလက်နက်ကိုင် EAOs ၊ KNU ၊ KNLA အဖွဲ့၊ ပြီးရင် NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ တချို့သော EAO အဖွဲ့တွေ၊ ပြီးရင် နယ်ခြားစောင့်တပ်ဖွဲ့အမည်ခံတပ်ဖွဲ့တွေ ဝင်ရောက်လုပ်ကိုင်နေတာဖြစ်ပါတယ်။ အဲဒီလူတွေကိုပဲ ချဉ်းကပ်ပြီးတော့ ကိုယ်ကျိုးရှာစီးပွားရေးသမားတွေက အဲလူတွေနဲ့ဆက်စပ်ပြီးတော့ ဒီလုပ်ငန်းတွေကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြဝတီမြို့နဲ့ အနီးတစ်ဝိုက်ကို ကျွန်တော်တို့လွှမ်းမိုးနိုင်တဲ့နေရာတစ်ဝိုက်မှာ Online လောင်းကစားမှုတိုက်ဖျက်ရေးတွေ စတင်ဆောင်ရွက်ခဲ့တယ်။ တဖြည်းဖြည်း နယ်မြေငြိမ်းချမ်းလာတာနဲ့အမျှ နယ်မြေစိုးမိုးရေး၊ နယ်မြေရှင်းလင်းရေးတွေလုပ်ပြီး Online လိမ်လည်မှု အမြစ်ပြတ်ပပျောက်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ စစ်သည်တွေ၊ ဝန်ထမ်းတွေ အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ ဒီနယ်မြေမှာ တရားမဝင်ရောက်ရှိလာတဲ့ နိုင်ငံခြားသားတွေကို ကျွန်တော်တို့စစ်ဆေးပြီး ဖြစ်ပါတယ်။ တချို့စစ်ဆေးချက်မှတ်တမ်းတွေကို မီဒီယာများ၊ မိဘပြည်သူများသိအောင် ကျွန်တော်တို့ ထုတ်ပြန်ပြောကြားလိုက်ပါတယ်။ အဲဒီထုတ်ပြန်ပြောကြားချက်ကို ကြည့်ရင် ဒီလူတွေဟာ ဘယ်ကနေရောက်လာလဲ၊ ဘာတွေလုပ်ခဲ့လဲဆိုတာကို အထင်အရှားသိနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ခုနကပြောတဲ့နေရာ သုံးခု KK Park၊ ရွှေကုက္ကိုလ်၊ ကျောက်ခတ်ဒေသ၊ ဒီနေရာတွေရဲ့အခြေခံလူနေထိုင်မှု ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစတာတွေက တစ်ဖက်နိုင်ငံကနေရရှိနေတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကန့်ကွက်လို့ တစ်ဖက်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပြီး ပိတ်ပင်တာမျိုးတွေ ဆောင်ရွက်ခဲ့တာမျိုးတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံး နယ်မြေစိုးမိုးရေး၊ ရှင်းလင်းရေးလုပ်ခဲ့တဲ့ KK Park လိုနယ်မြေမျိုးမှာ ပြန်လည်ပြီး Online လောင်းကစားမှုတွေ အခြေမချနိုင်ဖို့အတွက် အဲ့မှာရှိနေတဲ့ အဆောက်အအုံတွေကို ကျွန်တော်တို့ ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်း စက်ယန္တရားတွေနဲ့ ဖြိုဖျက်ခဲ့တာတွေရှိတယ်။ အဆင့်မြင့်ဖောက်ခွဲခဲ့တာမျိုးတွေ ရှိပါတယ်။ ဒီဖောက်ခွဲမှုတွေနဲ့ ပတ်သက်ပြီးတော့ တစ်ဖက်နိုင်ငံအနေနဲ့က ဒီဖောက်ခွဲလိုက်တဲ့အစအနတွေ သူတို့နိုင်ငံထဲမှာကျတယ်ဆိုပြီး ကန့်ကွက်တဲ့ဟာမျိုးလေးတွေ ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ ဗီဒီယိုမှတ်တမ်းတွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သူတို့ကို ဒီအစအနတွေမကျဘူးဆိုတာလည်း ဗီဒီယိုမှတ်တမ်းတွေနဲ့ ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကျွန်တော် ပုံတစ်ပုံကို ပြလိုပါတယ်။ ဒီမှာဆိုရင် ဒါ KK Park ထဲမှာရှိတဲ့ အဆောက်အအုံကို ကျွန်တော်တို့ ဖြိုချဖျက်ဆီးတာ ဖြစ်ပါတယ်။ ဖြိုချဖျက်ဆီးတဲ့နေရာမှာ ဒီအဆောက်အအုံဟာ တည့်တည့်ပဲအောက်ကို ပြိုကျသွားတာဖြစ်ပါတယ်။ အဆင့်မြင့်ဖောက်ခွဲနည်းပညာနဲ့ အသုံးပြုတဲ့အတွက် ကြောင့်မို့လို့ အောက်ကိုပြိုကျသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်နိုင်ငံထဲကိုကျဖို့နေနေသာသာ သူ့ရဲ့ဘေးနားမှာရှိတဲ့ သစ်ပင်တွေတောင် မလှုပ်ဘူး ဆိုတာတောင် တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံရဲ့ နယ်စပ်အနီးမှာကပ်နေတဲ့ Hotel တစ်လုံးကိုလည်း ကျွန်တော်တို့ ဖြိုချဖျက်ဆီးခဲ့ပါတယ်။ ဒီလိုဖြိုချဖျက်ဆီးတဲ့နေရာမှာလည်း တစ်ဖက်နိုင်ငံကိုကျရောက်ဖို့နေနေသာသာ တစ်ဖက်နိုင်ငံနဲ့ ကျွန်တော်တို့ရဲ့ နယ်ခြားမျဉ်းဖြစ်တဲ့ ဒီမြစ်ထဲကိုတောင်မှ အစအနကျတာမတွေ့တာကို ထင်ရှားစွာတွေ့နိုင်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ အဆောက်အအုံများ ဖြိုချရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခု ဒါနဲ့ပတ်သက်ပြီးတော့ အမေရိကန်နိုင်ငံအနေနဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့တွေ့ရတာကတော့ ဒီနေ့မှာတွေ့ရတဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒီထဲမှာတော့ Online လိမ်လည်မှုတွေအနေနဲ့ အမေရိကန်ကိုကာကွယ်ဖို့ဆိုပြီးတော့ District of Columbia Scam Center Strike Force ကို ဖွဲ့စည်းခဲ့တယ်။ SCSF ကို ဖွဲ့စည်းခဲ့တယ်လို့ သူတို့ကြေညာလာတာကို တွေ့ရပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ အရှေ့တောင်အာရှနိုင်ငံတွေကို အခြေပြုပြီးတော့ cryptocurrency နဲ့အပါအဝင် ဆိုက်ဘာလိမ်လည်မှုတွေကို အမေရိကန်နိုင်ငံကို ကာကွယ်ဖို့ဆိုပြီး ဖွဲ့စည်းကြောင်းကြေညာခဲ့တာဖြစ်ပါတယ်။ ဒီထဲမှာ ထူးထူးခြားခြား အသုံးအနှုန်းလေးတွေ ပါတာကို ကျွန်တော်ပြောပြချင်ပါတယ်။ ထူးထူးခြားခြားအသုံးအနှုန်းလေးတွေက တတိယအပိုဒ်လောက်မှာ တရုတ်နိုင်ငံဖြတ်ကျော်ရာဇဝတ်အဖွဲ့အစည်းများ (TCOs) တွေက cryptocurrency ရင်းနှီးမြှုပ်နှံမှု၊ လိမ်လည်မှုများနှင့် ယုံကြည်မှု၊ လိမ်လည်မှုအမျိုးမျိုးကို အသုံးပြုပြီး နေ့စဉ် အမေရိကန်များ၏ စုဆောင်းငွေများ၊ အသက်များကို ခိုးယူလျက်ရှိသည်ဆိုပြီး ပါတာတွေ့ရပါတယ်။ နောက်တစ်ပိုဒ်မှာတော့ လိမ်လည်မှုစင်တာတွေဟာ အမေရိကန်မှ တရုတ်ရာဇဝတ်ဂိုဏ်းများ၏ အိတ်ကပ်ထဲသို့ မျိုးဆက်တစ်ခုပြီးတစ်ခု ချမ်းသာကြွယ်ဝမှုရှိအောင် ဖန်တီးနေတယ်ဆိုပြီး စွပ်စွဲထားတာမျိုးလည်း တွေ့ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး Strike Force Burma အဖွဲ့သည် မြန်မာနိုင်ငံရှိ လိမ်လည်မှုစင်တာနှစ်ခုကို စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်ဆိုပြီးလည်း ပါတာတွေ့ရပါတယ်။ သူတို့ စစ်ဆင်ရေး ဘယ်လိုလုပ်ခဲ့လဲ၊ မလုပ်ခဲ့လဲဆိုတာတော့ ကျွန်တော်တို့လည်း မသိပါဘူး။ မြေပြင်မှာလည်း တွေ့ရတာတော့မရှိပါဘူး။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ KK Park ကဲ့သို့သော လိမ်လည်မှုနေရာများကို တိုက်ဖျက်ရန်အတွက် Royal Thai Police War Room Task Force နဲ့ အတူပူးပေါင်းဆောင်ရွက်ရန် ဗန်ကောက်ကို FBI agent များ စေလွှတ်ခဲ့သည်ဆိုတာလည်း ပါပါတယ်။ ဒါဟာ သူတို့ထုတ်ပြန်တဲ့ နှစ်မျက်နှာလောက်ရှိတဲ့ ထုတ်ပြန်ချက်ထဲက ကျွန်တော်တို့ ထုတ်နုတ်ပြီးပြောတာ ဖြစ်ပါတယ်။ ဒါတွေကို သုံးသပ်ကြည့်ရင် ဒီနိုင်ငံအနေနဲ့ ခုနကပြောတဲ့ Online လိမ်လည်မှု၊ Online လောင်းကစားမှုတိုက်ဖျက်ရေးဆိုတာထက် Hidden Agenda နက်နဲတဲ့ လျှို့ဝှက်ရည်ရွယ်ချက်တစ်ခုရှိနေနိုင်တယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အရှေ့မြောက်ဒေသ လောက်ကိုင်ဒေသမှာ Online လောင်းကစားမှုတွေ၊ Online လိမ်လည်မှုတွေကို စသိခဲ့တဲ့အတိုင်း တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှု Task Force ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အခုထိလည်း ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ပြီးရင်တော့ ကရင်ပြည်နယ်၊ မြဝတီဒေသ မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Trilateral Cooperation) ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုထိလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှာ တရုတ်နိုင်ငံ ကူမင်းမြို့၌ကျင်းပခဲ့တဲ့ တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ် ခြောက်နိုင်ငံ Online လိမ်လည်မှု ပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေး တက်ရောက်ခဲ့ပြီး ဒီအဖွဲ့နဲ့လည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီ Online လိမ်လည်မှု၊ Online လောင်းကစားမှုဆိုတာသည် ကျွန်တော်တို့ မြန်မာတစ်နိုင်ငံတည်းကိုပဲ ဒုက္ခပေးနေတာ မဟုတ်ပါဘူး။ လိမ်လို့ရတဲ့ နိုင်ငံတကာက နိုင်ငံသူနိုင်ငံသားတွေကိုလည်း လိမ်လည်နေတာဖြစ်ပါတယ်။ ဒါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပြတ်ပြတ်သားသားတိုက်ဖျက်ဖို့လည်း နိုင်ငံတော်ယာယီသမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနေနဲ့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လူထုတွေ့ဆုံပွဲတွေမှာလည်း ဒါကို ပြတ်ပြတ်သားသား ထုတ်ဖော်ပြောဆိုပြီး ဖြစ်ပါတယ်။ အန္တရာယ်များတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး၊ မီဒီယာများအားလုံးအနေနဲ့ ဒီ Online လိမ်လည်မှုတွေ၊ Online လောင်းကစားမှုတွေနဲ့ပတ်သက်ပြီး သတင်းရရှိလာရင် သက်ဆိုင်ရာကို သတင်းပေးကြပါ။ ပူးပေါင်းဆောင်ရွက်သွားကြပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ခြောက်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေ၊ ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဒီ Online လိမ်လည်မှု၊ လောင်းကစားမှုတွေကို မြန်မာ့မြေပေါ်ကနေ အပြီးတိုင် ချုပ်ငြိမ်းသွားအောင် အမြစ်ပြတ် ချေမှုန်းသုတ်သင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



## (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း စင်ကာပူနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၈

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်မည်

(၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမားစုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၁၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၉ ဦး၊ လာအိုနိုင်ငံသား ၃၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၁၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို



ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr. Bounkham Manivan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. LE Trung Kien နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၄၀ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၈၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၈၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့၌ ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။



အဆိုပါ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းများ စတင်ဆောင်ရွက်ပေးကြသည်။

ဦးစွာ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ကလေးရောဂါကုပါရဂူက တစ်သက်တာကျန်းမာရေး၊ တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်သက်၍ သိသင့် သိထိုက်သည်များကို ဟောပြော ဆွေးနွေးသည်။ ထို့နောက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျောင်းသား ကျောင်းသူ ၁၅၀ တို့ကို ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ ထို့ပြင် တာဝန်ရှိသူများက ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းအတွက်အလှူငွေများ၊ ကျောင်းသား ကျောင်းသူများအတွက် သန်ချဆေးနှင့် အားဆေးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## အာမခံအလုပ်သမားများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေး ပေးအပ်

အောင်လံ နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အောင်လံမြို့နယ်အတွင်းရှိ အာမခံအလုပ်သမားများ၏ သား၊သမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးနှင့် ငွေလျော်ဘေးသင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ပေးအပ်ပွဲကို ယမန်နေ့က အောင်လံမြို့၊ မီးခံအုတ်စက်ရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အောင်လံမြို့၊ လူမှုဖူလုံရေးရုံးမှ ဦးစီး အရာရှိ ဒေါ်တင်တင်ညို က အမှာစကားပြောကြားခဲ့ပြီး ပညာသင်စရိတ် ထောက်ပံ့ကြေးနှင့် ငွေလျော်ဘေးသင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ငွေကျပ် ၉၂ ဒသမ ၂၄၃ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးခံအုတ်စက်ရုံ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)



မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်နေသည့် အဆောက်အအုံများအား စနစ်တကျဖောက်ခွဲဖျက်ဆီးနေမှုကို တွေ့ရစဉ်။

◆ စာမျက်နှာ ၂၄ မှ

ယနေ့ နံနက်ပိုင်းမှစ၍ စတင်ရှင်းလင်းဆောင်ရွက်နေပြီဖြစ်ပြီး စစ်ဆေးတွေ့ရှိမှုများအား ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အဓိက ဦးဆောင်ကျူးလွန်ခဲ့ကြသူများသည် တရုတ်နိုင်ငံသားများ အပါအဝင် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေး စည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများဖြစ်ပြီး ၎င်းတို့အနေဖြင့် ၂၀၁၅ ခုနှစ်ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံ အရှေ့တောင်ဒေသကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ခြေကုတ်စိုးမိုးထားသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် နည်းမျိုးစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အခြေခံ အဆောက်အအုံများ တည်ဆောက်ကာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အပါအဝင် အခြားသော တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာမှ မြန်မာနိုင်ငံ အစိုးရအနေဖြင့် လောက်ကိုင်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေမှုများအား တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်းကာ ပူးပေါင်းနှိမ်နင်းမှုများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ ပါဝင်ပတ်သက်သူ ၅၃၃၈၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထိုင်း-မြန်မာ နယ်စပ်ရှိ မြဝတီဒေသသို့ ရောက်ရှိလာခဲ့ပြီး မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia International Holding Group (Thailand)ကုမ္ပဏီတို့ လုပ်ငန်းစတင်ခဲ့သည့် KK Park နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် ၎င်းနယ်မြေရှိ Myanmar Yatai International Holding Group ကုမ္ပဏီနေရာ၊ မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာ(Chongkhaed Garden Resort) ရှိ လောင်းကစားရုံများစသည့်

စာမျက်နှာ ၉ သို့

အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လျက်ရှိသည့် ရွှေကုက္ကိုလ်၊ KK Park ၊ ကျောက်ခတ် နယ်မြေများအား တွေ့ရစဉ်။














မြဝတီမြို့နယ်၊KK Park နယ်မြေအတွင်းရှိ ဇုန်အလိုက်မှ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။


ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ ဇုန်အလိုက်မှ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

နယ်မြေများအတွင်း၌ အခြေခံအဆောက်အအုံများ ဆောက်လုပ်ကာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ - ထိုင်း-တရုတ် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် ပူးပေါင်းနှိမ်နင်းလျက်ရှိပြီး KNLA၊ KNU လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့ဝင်များ ခေတ္တစိုးမိုးထိန်းချုပ်ထားသည့် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းသို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းမှုစစ်ဆင်ရေးဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ကာ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဇုန်အလိုက် အပြီးတိုင် ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ဇုန် သုံးခုတွင် စုစုပေါင်းအဆောက်အအုံ ၆၃၅ လုံးရှိပြီး နိုဝင်ဘာ ၁၇ ရက်အထိ အဆောက်အအုံ ၁၄၈ လုံးကို ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၈၇ လုံးကိုလည်း ဆက်လက်ဖြိုချရှင်းလင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး မိုင်းဖောက်ခွဲဖျက်ဆီးခြင်း နည်းပညာအသုံးပြု၍ စနစ်တကျ ဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် တစ်ဖက်နိုင်ငံနှင့် နီးကပ်နေသည့် နေရာဖြစ်သဖြင့် အဆောက်အအုံ အပျက်အစီးအပိုင်းအစများ တစ်ဖက်နိုင်ငံအတွင်းသို့ ကျရောက်မှု မရှိစေရေး စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း Video မှတ်တမ်းများအရ တွေ့ရှိနိုင်သည်။ တစ်ဖက်နိုင်ငံက ကန့်ကွက်ခဲ့သည့်အတွက်လည်း ဖောက်ခွဲဖျက်ဆီးမှု Video မှတ်တမ်းဖိုင်များကို ၎င်းနိုင်ငံသို့ တရားဝင်မှတ်တမ်းပေးပို့ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်အထိ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၆၈၀၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများအလိုက် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ ယနေ့ နံနက်ပိုင်းတွင် ရွှေကုက္ကိုလ်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဝင်ရောက်စစ်ဆေးစဉ်တွင်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ပိတ်ဆို့ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှင်းလင်းဖော်ထုတ်မှုများဆောင်ရွက်စဉ် ခွင့်ပြုချက် မရှိဘဲ ဆောက်လုပ်ထားသည့်အဆောက်အအုံသုံးခုအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် စီစစ်ဆဲနိုင်ငံခြားသား ၃၄၆ ဦးနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်း အများအပြားကိုလည်း စိစစ်တွေ့ရှိ ဖမ်းဆီးရရှိခဲ့ပြီး ဆက်လက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်း နယ်မြေဒေသမတည်ငြိမ်မှုကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များစွာရှိသည့်ဒေသများ၌ အခွင့်ကောင်းရယူ၍ ဒုစရိုက်လုပ်ငန်းများ ကျူးလွန်ပြီး ကိုယ်ကျိုးစီးပွားရှာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ ပစ်မှတ်ထားဆောင်ရွက်ခဲ့ကြသည့် မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေနှင့် ကျောက်ခတ်နယ်မြေတို့သည် KNLA ၊ KNU ကရင်လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၊ NCA လက်မှတ်ရေးထိုးထားသည့် ကရင်လက်နက်ကိုင်အဖွဲ့များနှင့် နယ်ခြားစောင့်တပ်များ လှုပ်ရှားရာနယ်မြေဒေသဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အဖွဲ့အစည်းများအပေါ် ကိုယ်ကျိုးစီးပွားရှာသူများမှ နည်းမျိုးစုံသုံးချဉ်းကပ်လျက် အခြေခံအဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ၎င်းနေရာများ၌ လူနေထိုင်နိုင်ရန်လိုအပ်သည့် ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အခြားအခြေခံအချက်အလက်များကိုလည်း တစ်ဖက်နိုင်ငံမှ ရယူခဲ့သည်ကို တွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် KK Park နယ်မြေအား ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေ ကျောက်ခတ်နယ်မြေနှင့် အခြားဒေသများ၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အပြည့်အဝလုံခြုံရေးရယူပြီး ဆက်လက်ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို ဖော်ထုတ်တွေ့ရှိရပါက ထိရောက်စွာအရေးယူအမြစ်ပြတ်နှိမ်နင်း ချေမှုန်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း ပိုင်နက်နယ်မြေကို အသုံးချ၍ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအပေါ် ရာဇဝတ်မှုများ ကျူးလွန်နေမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားရှိပြီးဖြစ်သည်။ မကြာမီရက်ပိုင်းအတွင်း သွားရောက်ခဲ့သည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးစဉ်များတွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံစဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက်၍လည်း ပြတ်သားစွာချေမှုန်းသွားမည်ဖြစ်ကြောင်း အတိအလင်း ပြောကြားခဲ့ပြီးဖြစ်သည်။



တရားမဝင် ဝင်ရောက်နေထိုင်သူများနှင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများမှ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။






လောက်ကိုင်ဒေသမှ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် တရုတ်- မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် အွန်လိုင်းလိမ်လည်မှုများ ပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေးတွင် ပါဝင်သည့် နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်တိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်ထားသည်။


သတင်းစဉ်

# ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချမှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မူးယစ်ဆေးဝါး သယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကို အသုံးချကာ ရေလမ်းကြောင်းအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ပုသိမ်မြို့၊ (၁) ရပ်ကွက်၊ ကမ်းနားလမ်း၊ ဂိုဒေါင်အမှတ် (၁၉) ၌ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် သိုလှောင်ထားရှိသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိဖြစ်စဉ်မှ ကွင်းဆက်တရားခံများ အခြေပြဇယား။**



### ဖမ်းဆီးရမိ

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့် ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းရယူ ဖော်ထုတ်ချက်များအရ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် (၁)ရပ်ကွက် ဆင်အိုးဖိုရပ် ကမ်းနားလမ်း ဂိုဒေါင်အမှတ် (၁၉)၌ မြေအောက်ခန်းအတွင်း သိုဝှက်ထိန်းသိမ်းထားသည့် ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ်(ICE) မူးယစ်ဆေးဝါး ၄၀၀၀ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၁၂၀ ဘီလီယံခန့်နှင့်အတူ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံ ခင်ထွန်းနှင့် ပုသိမ်မြို့၌ မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ လမင်းခန့်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နှစ်ဦး၏ ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဖော်ဂျီလမ်းရှိ "ရွှေလမင်း"ဆေးရုံ၌ တရားခံ နိုင်လင်းအား လည်းကောင်း၊ ပုသိမ်မြို့နယ် (၉) ရပ်ကွက်၊ ထင်းပုံဆိပ်ကျေးရွာ၌ တရားခံ ဇော်မင်းထွန်း(ခ)ညီပု အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု "ကောင်းကောင်း" ကဏန်းမွေးမြူရေးကန် အရှေ့ရေပြင်၌ မူးယစ်ဆေးဝါး ပို့ဆောင်ရာတွင်အသုံးပြုသည့် "MV ရွှေလက်ဝါး"ကုန်တင်သင်္ဘော တစ်စင်းနှင့်အတူ လှေလုပ်သားများဖြစ်ကြသည့် မောင်စိုး(ပဲ့နင်း)၊ ခင်ဝင်း၊ အောင်ဆန်းဦး၊ အောင်ဇင်လတ်၊ ဝင်းနိုင်၊ အောင်လင်း၊ ကျော်မင်းလတ်၊ ဟိန်းမင်းသူ၊ ကျော်ကိုကိုထွေး၊ သန်းထိုက်ဦးတို့ ၁၀ ဦးအား လည်းကောင်း၊ ယင်းနေ့ ညနေပိုင်းတွင် ချောင်းသာမြို့ အမှတ်(၃) ရပ်ကွက်၌ တရားခံ ဝင်းဝင်းထွန်း(ခ) ဝင်းထွန်း အားလည်းကောင်း၊ ချောင်းသာမြို့ အမှတ်(၂) ရပ်ကွက် မြပုလဲသွယ်လမ်း၌ တရားခံ အောင်မျိုးဝင်း (ခ) မင်းသားကြီး အား လည်းကောင်း၊ ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာအုပ်စု မော်တော်ကုန်းကျေးရွာ၌ တရားခံ အာဆာ(ခ)ဝတုတ် အား လည်းကောင်း၊ ယင်းနေ့ ညပိုင်းတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းရှိ ဘောဇဝတီဆန်ဆိုင်တွင် မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ တရားခံ ဒိုရာစတီဗင်အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

### ထပ်မံဖမ်းဆီးရမိ

ဆက်လက်၍ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဆိပ်ကြီးခနောင်တို ဆိပ်ကမ်း၌ လွှန်းတင်ထားသော မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် "MV ရွှေဝတီ" ကုန်တင်သင်္ဘော တစ်စင်းအား လည်းကောင်း၊ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မူးယစ်ဆေးဝါးများအား ပုသိမ်မြို့မှ မလေးရှားနိုင်ငံသို့ ပို့ဆောင်ခိုင်းသူ "ဘောဇဝတီ" ဆန်လုပ်ငန်းနှင့် " Utopia Future " အိမ်ခြံမြေရောင်းဝယ်ရေး လုပ်ငန်းတို့အား ဟန်ပြလုပ်ကိုင်နေသော တရားခံ မောင်ငယ်အား လည်းကောင်း၊ နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၂)ရပ်ကွက် အင်ကြင်းလမ်း၌ မူးယစ်ဆေးဝါးပို့ဆောင်ရာတွင် ပါဝင်ခဲ့သူ လှေလုပ်သား အောင်စိုးလင်းနှင့် အောင်ကိုလင်းတို့ ညီအစ်ကို နှစ်ဦးအား လည်းကောင်း၊ နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းရှိ "ဘောဇဝတီ" ဆန်ဆိုင်အနီးတွင် တရားခံ ထွန်းထွန်းလင်းအား လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၁ သို့



ပုသိမ်မြို့ (၁)ရပ်ကွက် ဆင်အိုးဖိုရပ် ကမ်းနားလမ်းရှိ ဂိုဒေါင်အမှတ်(၁၉)၌ တရားခံ နှစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မူးယစ်ဆေးဝါးများသိမ်းဆည်းထားသည့် ဂိုဒေါင်မြေအောက်ခန်း မှတ်တမ်းဓာတ်ပုံ။



အမေရိကန်နိုင်ငံထုတ် M-4, A-1 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု။



အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု။



အမေရိကန်နိုင်ငံထုတ် ၅ ဒသမ ၅၆ မမ ကျည် ၂၆ တောင့်။



အမေရိကန်နိုင်ငံထုတ် SIG SAUER အမျိုးအစား ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု။



မူးယစ်ဆေးဝါးများဖမ်းဆီးရမိသည့် ဂိုဒေါင်၏ မှတ်တမ်းဓာတ်ပုံ။



ဂိုဒေါင်မြေအောက်ခန်းအတွင်းမှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ အိုက်စ် ထုပ်ပိုးမှုပုံစံ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရုံးအကူ ကိုဘိုဘိုထွန်း (၂၄)နှစ်သည် ဈေးရပ်ကွက်ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ ရုံးလုပ်ငန်းများဆောင်ရွက်ပြီး နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် မီးပွိုင့်လမ်းဆုံအရောက်၌ ဈေးရပ်ကွက်နေ ထွန်းမင်းလတ် (၄၉)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်ဖြင့် တိုက်မိမည့် အခြေအနေဖြစ်ပွားခဲ့ရာ ထွန်းမင်းလတ်က လက်သီးဖြင့် ထိုးခဲ့သဖြင့် ကိုဘိုဘိုထွန်းတွင် နာကျင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရုံးအကူ ကိုဘိုဘိုထွန်းအား ယင်း၏တာဝန်ဝတ္တရားများ မထမ်းဆောင်နိုင်အောင် နာကျင်အောင် ပြုလုပ်ခဲ့သူ ထွန်းမင်းလတ်အား နိုဝင်ဘာ ၁၅ ရက်တွင် အုတ်တွင်းမြို့မရဲစခန်း (ပ)၁၁၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်တိုး ဦးဆောင်သည့်အဖွဲ့သည် ကျေးရွာနေပြည်သူများအား မဲဆွယ်စည်းရုံး ဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ရာ၌ အဆိုပါကျေးရွာနေ ဝင်းဦး(ခ) ဘက်ဟိုး(၄၂)နှစ်သည် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုလုပ်နိုင်စေရန်အတွက် ကျေးရွာနေပြည်သူများအား လိုက်လံဖိတ်ကြားခြင်း ပြုလုပ်နေသည့် ပြည်ခိုင်ဖြိုးပါတီမှ ရပ်/ကျေးအမှုဆောင် ဒေါ်အမာစိန်(၅၂)နှစ်အား ဓားဖြင့်ခုတ်ခဲ့သဖြင့် ဒေါ်အမာစိန်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ဝင်းဦး(ခ) ဘက်ဟိုးအား ရွှေကျင်မြို့မ ရဲစခန်း (ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၉ ရက် ည ၁၁ နာရီ ၃၀မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပျိုးခင်းကုန်းကျေးရွာနေ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းညွန့် (၅၈)နှစ်သည် နေအိမ်၌ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား အင်အား ၅၀ ခန့်မှ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား ဖွင့်ခိုင်းကာ အဆိုပါရုံးအတွင်းထားရှိသည့် ပထမအကြိမ် မဲစာရင်း စာရွက်စာတမ်းများနှင့် ဦးဝင်းညွန့် ကိုင်ဆောင်သည့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လုယက်ယူဆောင်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါအကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၀ ရက်တွင် စလင်းမြို့မရဲစခန်း (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)/ ၂၆(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် စစ်ကုန်းကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း ဒုတိယကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်မို့မို့ခိုင်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ရှစ်ဦးရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါအကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၅ ရက်တွင် ကြို့ပင်ကောက်မြို့မရဲစခန်း (ပ)၁၉၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)/(ခ) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ညောင်ထောက်ကျေးရွာသို့ စောအောင်မြင့်မြတ်(၂၀)နှစ် ဦးဆောင်သည့် KNU အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ကျေးရွာသူ/ရွာသားများအား ခေါ်ယူတွေ့ဆုံကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲမပေးကြရန် ခြိမ်းခြောက်ပြောဆိုခဲ့သောကြောင့် စောအောင်မြင့်မြတ် ဦးဆောင်သည့် KNU အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၂ ရက်တွင် ဘီးလင်းမြို့မရဲစခန်း(ပ)၃၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၄)ရပ်ကွက် အနော်ရထာလမ်းထိပ်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ဖျက်ဆီးသွားသူ (စုံစမ်းဆဲ)အား နိုဝင်ဘာ ၁၂ ရက်တွင် တံတားနယ်မြေရဲစခန်း(ပ)၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီ ၃၀မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်နေ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနန္ဒမျိုးအောင်သည် နေအိမ်၌ရှိနေစဉ် ၎င်းနေအိမ်ရှေ့ သစ်တောလမ်းပေါ်မှ အမျိုးသား တစ်ဦး (စိစစ်ဆဲ)က (PPP)ကို မဲမပေးပါနဲ့ဟု အော်ဟစ်ပြောဆိုခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုလုပ်နိုင်စေရန် နှောင့်ယှက်ဟန့်တားခဲ့သည့် အမျိုးသား တစ်ဦး(စိစစ်ဆဲ)အား နိုဝင်ဘာ ၁၂ ရက်တွင် အလုံမြို့မရဲစခန်း (ပ)၂၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာ မြွေဘုရားသွားလမ်းထိပ်၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းလေးဦး၏မဲဆွယ်စည်းရုံးရေးအတွက် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၁၄ ရက်တွင် ပလိပ်နယ်မြေ ရဲစခန်း (ပ)၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာဘုန်းကြီးကျောင်းအနီး ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မဲဆွယ်စည်းရုံးရေးအတွက် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၁၃ ရက်တွင် ကန်ကြီးထောင့်မြို့မရဲစခန်း (ပ)၁၂၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၆ လမ်းနှင့် ၅၇ လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၁၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း(ပ)၁၄၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၁၀ မှ

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၁ ရက် မွန်လွဲပိုင်းတွင် မူးယစ်ဆေးဝါးများပို့ဆောင်ရန် စေခိုင်းသူ ကွင်းဆက်တရားခံ အားဝေ(ခ)ရှောက်ထန် (ခ)သန်းမောင်(ဖမ်းဆီးရန်ကျန်)၏ အိမ်အမှတ်(၉/၄၇၀) ရတနာလမ်းသွယ် (၈) ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့ နေအိမ်အား သွားရောက်ရှာဖွေရာ နေအိမ်အတွင်းမှ အမေရိကန်နိုင်ငံထုတ် M-4, A-1 သေနတ်တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၆ တောင့်၊ အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIG SAUER အမျိုးအစား ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု တို့အားလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် ကျောင်းကုန်းမြို့နယ် (၁)ရပ်ကွက် ဌာနလမ်း၌ တရားခံ ဒိုရာမော့စ်နှင့် ပုသိမ်မြို့ (၃) ရပ်ကွက် မြကျွန်းသာအိမ်ရာရှိ ရွှေမင်းသမီးဟိုတယ်၌ တရားခံ ပီတာဖိုးတို့နှစ်ဦးအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် တရားခံကျား ၂၄ ဦး၊ M-4, A-1 သေနတ်တစ်လက်၊



ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု “ကောင်းကောင်း”ကဏန်းမွေးမြူရေးကန်အရှေ့ရေပြင်၌ မူးယစ်ဆေးဝါးများ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ “MV ရွှေလက်ဝါး”ကုန်တင်သင်္ဘောတစ်စင်း၏ မှတ်တမ်းဓာတ်ပုံ။



မူးယစ်ဆေးဝါးများ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ “MV ရွှေဝတီ” ကုန်တင်သင်္ဘောတစ်စင်း၏ မှတ်တမ်းဓာတ်ပုံ။

ပစ္စတိုနှစ်လက်၊ ကုန်တင်သင်္ဘော နှစ်စင်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ တာချီလိတ်မြို့နေ အားဝေ(ခ)ရှောက်ထန် (ခ)သန်းမောင် (ဖမ်းဆီးရန်ကျန်) နှင့် ဝမ်ဟိုင်းကျေးရွာနေ တာကော(ဖမ်းဆီးရန်ကျန်)တို့မှ လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှ ထွက်ရှိသည့် မူးယစ်ဆေးဝါးများအား ဆီဘောက်ဆာယာဉ်များတွင် မူးယစ်ဆေးဝါးသယ်ဆောင်ရန် သီးသန့်ပြုလုပ်ထားသည့် လျှို့ဝှက်အကန့်များအတွင်း၌လည်းကောင်း၊ ကုန်တင်ယာဉ်များတွင် အခြားသောကုန်ပစ္စည်းများနှင့် ရောနှောပုံဖျက်၍လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် ပုသိမ်မြို့သို့ ပို့ဆောင်ပေးခဲ့ရာ ပုသိမ်မြို့ရှိ မောင်ငယ် ပိုင်ဆိုင်သည့် ကမ်းနားလမ်း ဂိုဒေါင်အမှတ်(၁၉) ၌ ခေတ္တထိန်းသိမ်းသိုဝှက်၍ မောင်ငယ်နှင့်အဖွဲ့မှ မလေးရှားနိုင်ငံသို့ လည်းကောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ထောက်ပံ့ရေးတာဝန်ခံ ခင်ထွန်းနှင့် အဖွဲ့မှ ရခိုင်ပြည်နယ်သို့ လည်းကောင်း ပို့ဆောင်ရန် စီစဉ်လျက်ရှိစဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန်တရားခံများနှင့်ဆက်စပ်တရားခံများအား ဖမ်းဆီးဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု ရွှေပြည့်အောင်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု(ရွှေပြည့်အောင်ပွဲ) ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရွှေစည်းခုံစေတီတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့်တိုက်ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ အမှူးပြုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဝန်ဆောင်ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်တို့နှင့် ပင့်ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ညိုကြသည်။

ရှေးဦးစွာ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား အရှေ့၊ အနောက်၊ တောင်နှင့်မြောက်ဘက်ရှိ ကြေးကူတိုက် (၄)ခုမှ သံဃာတော်များက တစ်ပြိုင်နက်တည်း ဗုဒ္ဓါဘိသေက အနေကဇာတင်လှူကြသည်။

အခမ်းအနား ဒုတိယပိုင်း ဆက်လက်ကျင်းပရာ နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် နိုင်ငံကျော်တေးသံရှင် အေးမြဖြူက ထူးမခြားနား ရောင်တော်ဖွင့်သီချင်းဖြင့် သီကျူးပူဇော်သည်။

၄င်းနောက် နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့်တိုက်ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီးမှု ရွှေပြည့်အောင်ပွဲနှင့် စပ်လျဉ်း၍ သာသနာရေးရာများလျှောက်ထားရာတွင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းကို ရှေးယခင်မင်းများအဆက်ဆက်ကပင် ကပ်လှူပူဇော်ခဲ့ကြသည်ဟု သိရှိရပါကြောင်း၊ တွေ့ရှိထားသည့် ကျောက်စာ၊ ခေါင်းလောင်းစာနှင့် မှတ်တမ်းများအရ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခဲ့သည်မှာ အေဒီ ၁၅၆၇ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၄၅၈ နှစ်အတွင်း (၁၀)ကြိမ်မြောက် ကပ်လှူပြီးစီးသည်ဟုလည်း သိရှိရပါကြောင်း၊ ဘုရားဒါယကာများဖြစ်ကြသော အနော်ရထာမင်းတရားကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ဘဝ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ထိုအချက်အလက်များ၏ သင်္ကေတဖြစ်သော ဤရွှေစည်းခုံစေတီတော်ကြီးအား ကာလကြာရှည်စွာ ကြည်ညိုဖွယ်ဖြစ်စေရန် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒများခံယူ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းကို လုပ်ငန်းစဉ် အပိုင်း (၄)ပိုင်းခွဲ၍ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ကုန်ကျငွေမှာ ကျပ်သိန်းပေါင်း (၆၂၁၅၅)သိန်းဖြစ်ပါကြောင်း၊ ဝိုင်းဝန်းကူညီကြသူများနှင့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူမှတ်တမ်းတင်ထားပါကြောင်း လျှောက်ထားခဲ့သည်။

၄င်းနောက် နိုင်ငံကျော်တေးသံရှင် အေးမြဖြူက အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဂုဏ်တော်ဖွင့်ပိုဒ်စုံရတုဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့်တိုက်ရုပ်စုံကျောင်းဆရာတော် အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

၄င်းနောက် ရွှေစည်းခုံစေတီတော်ကြီးအား အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ကရင်ပြည်နယ် ဘားအံမြို့၊ ရွှေဖြူတောရဆရာတော် ဘဒ္ဒန္တသောမအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက ရွှေစင်ရွှေပြားအတွက် အလှူငွေကျပ် (၂၁၃၆)သိန်း၊ မန္တလေးမြို့နေ ဦးလှမြင့်ဝင်းနှင့် ဇနီး ဒေါ်ခင်မြတ်နိုးအောင် မိသားစုက ရွှေပြည့်အောင်ပွဲအတွက် အလှူငွေကျပ်သိန်း(၁၄၀)၊ မန္တလေးမြို့ အကယ်ဒမီ ရွှေလှော်လုပ်ငန်းပိုင်ရှင် ဦးဖိုးသန်းက စေတီတော်ကြီးအတွက် လှော်ခဲ့သော ရွှေစင်ရွှေသားများအတွက် ကျသင့်တန်ဖိုးနှင့် စတုဒိသာဒါနပြုလှူဒါန်းခြင်းအတွက် အလှူငွေကျပ်(၁၁၅)သိန်းတို့ကို လှူဒါန်းရာ ရွှေစည်းခုံစေတီတော် ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့၊ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ညောင်ဦးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလိုတော်ပြည့်စာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများဆက်ကပ်ခဲ့ကြသည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာနန္ဒာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ဘုရားပရဝဏ်အတွင်း၊ အပြင် အစဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ စေတီတော်ကြီးအား ရွှေသင်္ကန်း ကပ်လှူပြီးစီးမှုနှင့် အရံစေတီတော်များ ရွှေသင်္ကန်းများကပ်လှူသွားနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးလေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ကွက်တွင်းရှိ ဆင်းသုခမျိုးမှ မျိုးကွဲပယ်လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးရေဖြန့်ဝေပေးနေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)










သတင်း-စာမျက်နှာ ၁၂





## ဆရာ၊ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်သင် ဆရာ၊ ဆရာမများ ဘာသာရပ်စွမ်းရည် မြှင့်သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂)အခြေခံ ပညာ အထက်တန်းကျောင်း ပညာဂုဏ်ရောင်ခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းဖွင့်ပွဲကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခြေခံပညာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်သင် ဆရာ၊ ဆရာမများနှင့် သင်တန်းနည်းပြများက သတ်မှတ်စာသင်ခန်းများ၌ နေရာယူ၍ ဘာသာရပ်အလိုက် မိမိတို့ အကြံပြုဆွေးနွေးရန် ကြိုတင်အဆိုပြု တင်ပြထားသည်များ အပေါ်တွင် ဘာသာရပ်အလိုက် အကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ အလယ်တန်းအဆင့်သင် သင်တန်းသား ဆရာ၊ ဆရာမ ၃၆၃ ဦးနှင့် နည်းပြဆရာ၊ ဆရာမ ၃၂ ဦး၊ မူလတန်းအဆင့်သင် သင်တန်းသား ဆရာ၊ဆရာမ ၁၃၅၅ ဦးနှင့် နည်းပြ ဆရာ၊ ဆရာမ ၈၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၅၆)**





## တောင်တွင်းကြီးမြို့နယ်၌ ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ပိုင်းက မိသားစုတိုင်း ဆပ်ပြာ သုံးစွဲမှု အဆင်ပြေစေရေးအတွက် ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ပို့ချခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာကြည်ဝင်းတို့က သင်တန်းသို့ တက်ရောက်လာသော မြို့နယ်ပြန်/ဆက်ရုံးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဆပ်ပြာဆီပြုလုပ်ပုံနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

## ကလောမြို့ လမ်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

**ကလော နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်စည်ပင်သာယာရေးဌာနသည် ကလောမြို့အတွင်း မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် လမ်းဟောင်းများ ပြုပြင်ခြင်း၊ လမ်းအသစ် တည်ဆောက်ခြင်း၊ မြို့တွင်းလမ်းများ ပြုပြင်ဖာထေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကလောမြို့၊ အမှတ်(၇) ရပ်ကွက် မြို့တွင်းလမ်းများ လမ်းပေါက်ဖာခြင်းလုပ်ငန်း အတိုင်းအတာ ၁၃၂၀၀ စတုရန်းပေ ခန့်မှန်းကုန်ကျငွေကျပ် ၃၃၇ ဒသမ ၉ သိန်းဖြင့် လမ်းပေါက်ဖာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



## အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**ကသာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်တွင် မိုးစပါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ က ကြီးမှူးကျင်းပသည့် အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျွန်တောကျေးရွာအုပ်စုရှိ တောင်သူ ဦးထွန်းမြင့်၏ လယ်မြေ၌ ကျင်းပသည်။

မိုးစပါး ရိတ်သိမ်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဝင်းက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး၊ မြေစာရင်းဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ကွင်းအမှတ်(၇၁၅)ရှိ အောင်နိုင်တိုး စပါးမျိုးကောင်း ကိုယ်စားပြုတောင်သူ ဦးထွန်းမြင့်၏ လယ်မြေ ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၄ ဒသမ ၀၀ ဧကအတွင်းရှိ စံကွက်အရွယ်အစား ၀ ဒသမ ၁၀ ဧကအား မိုးစပါး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ခြောက်သွေ့ပြီး ၁၂၀ ဒသမ ၃၈ တင်း ထွက်ရှိခဲ့ပြီး ကသာမြို့နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၇၁၇၃၃ စိုက်ပျိုးထားကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*

# မွန်တိုးတက်ရေးပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၈

မွန်တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



မင်္ဂလာပါခင်ဗျာ...

လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်တိုးတက်ရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်တိုးတက်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ၂၀၂၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ကရင်ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ မွန်တိုင်းရင်းသား ကိုယ်စားပြုပါတီအဖြစ် ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ရာမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာ မှတ်ပုံတင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းစပါတီတစ်ရပ်ဖြစ်တဲ့အလျောက် လာမယ့် ဒီဇင်ဘာလ (၂၈)ရက်နေ့မှာ ကျင်းပမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ မွန်တိုးတက်ရေးပါတီအနေနဲ့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကိုယ်စားလှယ်လောင်း (၃) ဦးသာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့်ရနိုင်ဖို့ရာ မဲဆန္ဒရှင် ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုက အဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ ဖြစ်တည်မှုနဲ့ ထားရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေသိရှိအောင် အကျဉ်းချုပ်တင်ပြလိုပါတယ်။

မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြု နိုင်ငံရေးပါတီဖြစ်ပြီး ကရင်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီငယ်တစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီးမှာ ပြည်သူတွေ လိုလားတောင့်တတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်သွားမယ့် နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

**မိဘပြည်သူများနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

ဒီပစ္စုပ္ပန်ကာလ နိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့်ရွေးကောက်ပွဲအပေါ် ထင်မြင်ချက် ယူဆချက်အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုးရှိနေကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်တိုးတက်ရေးပါတီအနေနဲ့က ကြုံတွေ့ရတဲ့ နိုင်ငံရေးလောကဓံတွေကို နိုင်ငံနဲ့ ပြည်သူလူထုထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။

မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒဖြစ်တဲ့

ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့် ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်။

ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ရန်နှင့် နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးတွင် ပါဝင်ဆောင်ရွက်ရန်။

တိုင်းရင်းသားလူမျိုးစုအားလုံး၏ အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်အသား သရုပ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သော လူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

အဂတိလိုက်စားမှု ကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင် ဖြစ်ထွန်းခိုင်မာလာစေရန် စတဲ့ရည်မှန်းချက်ကို ရောက်ရှိနိုင်ဖို့ ဦးလည်မသုန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့် ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးကို အာရုံစိုက်ပြီး အားလုံးနဲ့ သဟဇာတဖြစ်မယ့် မူဝါဒလုပ်ငန်းစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ မဲဆန္ဒရှင်ပြည်သူတွေအကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးကဏ္ဍမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်ရေး၊ တိုင်းရင်းသားလူနည်းစုအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး စတဲ့အချက်တွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးနဲ့ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားပါတီဖြစ်တဲ့အလျောက် တိုင်းရင်းသားကဏ္ဍအနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ မွန်တိုးတက်ရေးပါတီဟာ မြန်မာပြည် တစ်နံတစ်လျားမှာ နေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့ တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးမှာ ရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနှင့်အတူ ဆိုင်ရာဆိုင်ရာအင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်း အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့ မူဝါဒ၊ လုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာ ဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေရှိနေပါစေ၊ မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ကောင်းကျိုးအတွက် အစွမ်းရှိသမျှ သယ်ပိုးသွားမှာဖြစ်တဲ့အတွက် မွန်တိုးတက်ရေးပါတီကို အားပေးကြပါလို့ တိုက်တွန်းရင်း မိဘပြည်သူအပေါင်း လိုရာဆန္ဒပြည့်ဝကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ...။

# မဲဆန္ဒနယ်ပြင်ပရှိကျောင်းများတွင် တက်ရောက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

## မောက်မယ်

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ တက္ကသိုလ်/ကောလိပ်သို့ တက်ရောက်ရမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လင်းခေးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်အေး၊ မောက်မယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုအဖွဲ့များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရှေ့မှောက်တွင် တက္ကသိုလ်/ကောလိပ်သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများက ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

မောက်မယ် (ပြန်/ဆက်)

## ပင်းတယ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ တက္ကသိုလ်ကျောင်းတက်မည့် ကျောင်းသား ကျောင်းသူများအား ကြိုတင်ဆန္ဒမဲပေးစေခြင်းများကို နိုဝင်ဘာ ၁၈ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရပ်ကျေးစာရေးများက တက္ကသိုလ်ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ကြိုတင်ဆန္ဒမဲပေးနိုင်စေရေးအတွက် ပုံစံ(၁၃) ဖြင့် ဖောင်ဖြည့်ရေးသွင်းပေးပြီး လျှို့ဝှက်မဲပုံးတွင် မိမိတို့နှစ်သက်ရာ ပါတီတို့အားဆန္ဒမဲပေးစေခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၄ ဦး ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

## ကွန်ဟိန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများသည် နိုဝင်ဘာ ၁၈ ရက်က အမှတ်(၁) နှင့် အမှတ် (၃) ရပ်ကွက်ရုံးတို့၌ ဆန္ဒမဲပေးခဲ့ကြသည်။

ထိုသို့မဲပေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသက်(၁၈) နှစ် ပြည့်ပြီး၍ မဲပေးပိုင်ခွင့်ရှိသည့် တက္ကသိုလ်တက်ရောက်တော့မည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ရပ်ကွက် မဲဆန္ဒနယ်အလိုက် အရွေးချယ်ခံ နိုင်ငံရေးပါတီ ကိုယ်စားလှယ်လောင်းများအား ဆန္ဒပြုကြိုတင်မဲပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြိုတင်မဲများဖြင့် အောင်မြင်စွာ လျှို့ဝှက်မဲပေးနိုင်ရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများက ကြီးကြပ်ဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၈

ငြိမ်းချမ်းရေး အကျိုးဆောင်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းခင်စန်းကြည်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–



**လေးစားအပ်ပါသော ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများရှင် –**

မင်္ဂလာရှိတဲ့ မနက်ဖြန်တွေကို ဖန်တီးဖို့အတွက် ယနေ့ ဒီမိုကရေစီခရီးမှာ ပြည်သူလူထုနှင့်အတူ ရပ်တည်နေတဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကိုယ်စား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ကျွန်မ နန်းခင်စန်းကြည်က နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မတို့ဟာ ခေတ်သစ်ကို တည်ဆောက်သူတွေဖြစ်လာဖို့ ကျွန်မတို့ပါတီရဲ့ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်တွေကို တင်ပြသွားမှာပဲ ဖြစ်ပါတယ်ရှင်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင်။ ကျွန်မတို့နိုင်ငံဟာ ကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတော်တစ်ခုဖြစ်ပါတယ်။ ပဋိပက္ခဒဏ်ရာတွေကို ကုစားဖို့အတွက် ကျွန်မတို့ဟာ အတိတ်ကို စွန့်လွှတ်ပြီး ရှေ့ကိုသာ ဆက်လျှောက်ကြရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီရဲ့ ပထမဆုံးသော ရည်မှန်းချက်ကတော့ မြန်မာပြည်အနှံ့အပြားမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ တန်းတူအခွင့်အရေးနဲ့ လေးစားမှုကို ရရှိစေမယ့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာ တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ တန်းတူအခွင့်အရေးရရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ခြင်းသည်သာ အနှစ်သာရဖြစ်ပါတယ်။

ကျွန်မတို့ ပါတီအနေနှင့် ငြိမ်းချမ်းရေးအတွက် အတားအဆီးမှန်သမျှကို တွေ့ဆုံဆွေးနွေးခြင်း နည်းလမ်းနဲ့သာ အဖြေရှာပြီး ရင်ဆိုင်ဖြေရှင်းသွားမယ်ဆိုတာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကို အတိအလင်း ပြောကြားလိုပါတယ်။

ကျွန်မတို့ပါတီရဲ့ အဓိကမူဝါဒဟာ မြန်မာနိုင်ငံသားတိုင်း လိုလားတောင့်တနေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ တန်းတူအခွင့်အရေးနှင့်အတူ လေးစားမှုအပြည့်အဝဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ပြီး ဂုဏ်သိက္ခာရှိတဲ့ အနာဂတ်တစ်ခုကို ပိုင်ဆိုင်နိုင်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ ယုံကြည်ချက်ကို လက်ကိုင်ထားပါတယ်ရှင်။

တည်ငြိမ်ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ခိုင်မာစွာတည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့ ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဟာ "ငါတို့အားလုံး... ဒီပြည်ထောင်စုမှာ အတူတူယှဉ်တွဲနေထိုင်မယ်၊ ပြဿနာတွေကို စစ်မတိုက်ဘဲ ဖြေရှင်းမယ်၊ တစ်ယောက်ကို တစ်ယောက် လေးစားမယ်"ဆိုတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ သဘောထားအပေါ်မှာ အခြေခံထားတာ ဖြစ်ပါတယ်။

**လေးစားရပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင်**

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဆိုတာ စကားလုံးသက်သက်မဟုတ်ရပါဘူး။ ပြည်သူအတွက် အမြဲရပ်တည်ပြီး ပြည်သူအတွက် အလုပ်လုပ်မယ့် စိတ်ဓာတ်ကို ခိုင်မာစွာ ထိန်းသိမ်းထားတဲ့ပါတီ ဖြစ်ပါတယ်။

မျှော်လင့်ချက်ရှိတဲ့ မနက်ဖြန်တွေအတွက်၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် ပြည်သူဘက်က အမြဲရပ်တည်မည့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဖြစ်တယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

ငြိမ်းချမ်းရေး အကျိုးဆောင်ပါတီ။ ပြည်သူ့အတွက် အမြဲရပ်တည်မည်။

ကျေးဇူး တင်ပါတယ်ရှင်။ မြန်မာပြည်ကြီး အမြန်ဆုံးငြိမ်းချမ်းပါစေ။



**ပါတီ၏ သီချင်းစာသား**

**မြန်မာပြည်ကြီး ငြိမ်းချမ်းပြီ**

V1- မင်္ဂလာရှိတဲ့ မနက်ဖြန်တို့အတွက် အတိတ်ရဲ့
ဒဏ်ရာတွေကို အတူကုစားမယ်၊
မြေတစ်လက်မ ရေတစ်စက် ပြည်သူတွေရဲ့ အကျိုးကို ဆောင်မည်
V2- မျှော်လင့်ခြင်း အနာဂတ်သစ်ဖန်တီးမည် အားလုံးပါဝင်ကာလမ်းသစ်ထွင်မယ်
ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဒီပါတီဟာ တို့ရဲ့ အားမာန်ပဲ
Pre- အခက်အခဲများရှိခဲ့လည်း အတူတူစည်းလုံးလို့ ရှေ့ဆက်ချီ
ပိုမိုတောက်ပတဲ့
အနာဂတ်တွေဆီ
CHO; (ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ ပြည်သူအတွက် အမြဲရပ်တည်
ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ ပြည်သူအတွက် အလုပ်လုပ်မည်
ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ မြန်မာပြည်ကြီးငြိမ်းချမ်းပြီ) ၂
V3- ငြိမ်းချမ်းရေးအတွက် ဦးထိပ်ထားမယ်၊ တိုင်းရင်းသားညီအစ်ကိုတွေ ညီညွတ်စွာနဲ့
အဆင့်တန်းမြင့် အနာဂတ်အတွက် အောင်မြင်တဲ့ ပန်းတိုင်ဆီသို့
V4.. နိုင်ငံအကျိုးအတွက် တို့သယ်ပိုးမယ် စီးပွားအခြေအနေတွေ တိုးတက်စေဖို့
ပြည်သူအကျိုးအတွက် သင်ဘာတွေကို စဉ်းစားနေမလဲ

# မဲဆန္ဒနယ်ပြင်ပရှိကျောင်းများ၌ တက်ရောက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

## ဘုတ်ပြင်း

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း နေထိုင်ကြပြီး မဲစာရင်းတွင်ပါရှိသည့် မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်၍ ကျောင်းတက်ကြမည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် နိုဝင်ဘာ ၁၈ ရက်က အောင်မင်္ဂလာရပ်ကွက်ရှိ ပုလဲရွှေရည်ခန်းမ၌ ကြိုတင်ဆန္ဒမဲပေးလျက်ရှိသည်။

တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ယူနိုင်ပြီး မိမိဆန္ဒအလျောက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်ဆန္ဒပြုခန်း၌ ဆန္ဒမဲပေး၍ သက်ဆိုင်ရာလွှတ်တော်အသီးသီးရှိ မဲပုံးများတွင် ကြိုတင်ဆန္ဒမဲပေးလျက်ရှိသည်။

ဘုတ်ပြင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ နေထိုင်ကြပြီး မဲစာရင်းတွင်ပါရှိသည့် မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်၍ ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် နိုဝင်ဘာ ၁၈ ရက်က ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကြိုတင်ဆန္ဒမဲပေးလျက်ရှိသည်။

တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ယူနိုင်ပြီး မိမိဆန္ဒအလျောက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်ဆန္ဒပြုခန်း၌ ဆန္ဒမဲပေး၍ မဲပုံးများတွင် ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

သီသီခိုင်(တနင်္သာရီ)

## တပ်ကုန်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မဲဆန္ဒနယ်မြေပြင်ပသို့ သွားရောက်၍ တက္ကသိုလ်/ကောလိပ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးအပ်ရာတွင် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဘုရင့်နောင်ရပ်ကွက်၊ ဆရာစံရပ်ကွက်များအပါအဝင် ကျန်ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မဲဆန္ဒနယ်မြေပြင်ပသို့ သွားရောက်၍ တက္ကသိုလ်/ကောလိပ် တက်ရောက်ပညာသင်ကြမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

## ဟိုပင်

ကချင်ပြည်နယ် ဟိုပင်မြို့ ဇောတိကုန်းကျေးရွာနေ တက္ကသိုလ်၊ ကောလိပ်ကျောင်းသူတစ်ဦး နိုဝင်ဘာ ၁၈ ရက်က မဲရုံအမှတ်(၆၄) တွင် ကြိုတင်ဆန္ဒမဲပေးခဲ့သည်။

အဆိုပါ မဲဆန္ဒပြင်ပရောက် ကျောင်းသူတစ်ဦး စိတ်အေးချမ်းသာစွာ ကြိုတင်ဆန္ဒမဲပေးစေရန်အတွက် ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကော်မရှင်အဖွဲ့ဝင်များက ဆောင်ရွက်ထားရှိကြောင်း သိရသည်။

လင်းသွယ်ဦး(ပြန်/ဆက်)

## အလုံ

အလုံမြို့နယ်၌ တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က အလုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက အမှာစကားပြောခြင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမြလှိုင်က ရွေးကောက်ပွဲအခြေအနေ ကြိုတင်မဲပေးခြင်းနှင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး အလုံမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများအား ရပ်ကွက်အလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ လက်မှတ်နှင့် တံဆိပ်ပါ မဲလက်မှတ်များကို တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများအား ထုတ်ပေးပြီး ကျောင်းသား ကျောင်းသူများက ကြိုတင်မဲပေးခြင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ်ကျောင်းသား ကျောင်းသူများအား ကြိုတင်ဆန္ဒမဲပေးပြီးကြောင်း ထောက်ခံချက်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေလုံသား

# နိုင်ငံတကာ အားကစား သတင်းများ

## အဲဗာတန်အသင်းနှင့်ကစားမည့်ပွဲစဉ်တွင် လီဆန်ဒရိုမာတီနက်ဇ် ပြန်လည်ပါဝင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၈**

ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသည့် မန်ယူအသင်း နောက်ခံကစားသမား လီဆန်ဒရို မာတီနက်ဇ်သည် အဲဗာတန်အသင်းနှင့် ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်လာဖွယ်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ရက်ကတည်းက ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် အနားယူနေရပြီး လက်ရှိအချိန်တွင် ပြန်လည်သက်သာလာခြင်းဖြစ်သည်။




နောက်ခံကစားသမား လီဆန်ဒရိုမာတီနက်ဇ်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာမှုကြောင့် မန်ယူအသင်းခံစစ်ပိုင်းအတွက်လည်း အားတက်စရာဖြစ် လာခဲ့သည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၅ရက် နံနက် ၂နာရီ မိနစ် ၃၀ တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



## ဂျာမနီလက်ရွေးစင်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်

**လန်ဒန် နိုဝင်ဘာ ၁၈**

ဂျာမနီလက်ရွေးစင်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ဂျာမနီလက်ရွေးစင်အသင်းသည် ဆလိုဗက်ကီးယားလက်ရွေးစင်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

ဂျာမနီလက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ် ခြောက်ပွဲကစားအပြီးတွင် ရမှတ် ၁၅မှတ်ဖြင့် အဆင့် တစ်နေရာတွင် ရပ်တည်ကာ ခြေစစ်ပွဲကို အောင်မြင်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲအား ၂၀၂၆ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် ကျင်းပသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## နေသန်ဒီကတ်ကို ဘွန်ဒက်လီဂါထိပ်သီးကလပ်အသင်းများက အပြိုင်စိတ်ဝင်စား

**မြူးနစ် နိုဝင်ဘာ ၁၈**

ဘွန်ဒက်လီဂါထိပ်သီးကလပ်အသင်းများဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့သည် အန်းဒါလက်ချ်အသင်း ကွင်းလယ်ကစားသမား နေသန်ဒီကတ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် အန်းဒါလက်ချ်အသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘွန်ဒက်လီဂါထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အန်းဒါလက်ချ်အသင်းကလည်း နေသန်ဒီကတ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅သန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့အနေဖြင့် မည်သည့်အသင်းက အန်းဒါလက်ချ်အသင်းထံမှ နေသန်ဒီကတ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)




## အိုစကာမင်ဂွါဇာသည် ဆဲလ်တာဗီဂိုအသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**မက်ဒရစ် နိုဝင်ဘာ ၁၈**


ဆဲလ်တာဗီဂိုအသင်း နောက်ခံကစားသမား အိုစကာမင်ဂွါဇာသည် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား အိုစကာမင်ဂွါဇာသည် ဆဲလ်တာဗီဂိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၄ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ဆဲလ်တာဗီဂိုအသင်းမှ ထွက်ခွာသွားဖွယ်ရှိသော အိုစကာမင်ဂွါဇာကို အသင်းသို့ ခေါ်ယူအားဖြည့်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)




## လူကာမိုဒရစ်ကို စာချုပ်သက်တမ်းတိုးရန် အေစီမီလန်အသင်းစီစဉ်

**မီလန် နိုဝင်ဘာ ၁၈**

အေစီမီလန်အသင်းသည် အသင်းဝါရင့် ကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။




အသက်(၄၀)အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် အေစီမီလန်အသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၂ပွဲကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

အေစီမီလန်အသင်း၏ ထုတ်ပြန်ချက်တွင် "လူကာမိုဒရစ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်ထားသည်။

(အပေါ်ပုံ) (NGB)

## ဂျော်ဒန်အိုင်ဘီကို Lokomotiv Sofia အသင်း ခေါ်ယူ

**လန်ဒန် နိုဝင်ဘာ ၁၈**

ဘူလ်ဂေးရီးယား ထိပ်တန်းလိဂ်ကလပ် Lokomotiv Sofia အသင်းသည် အသင်းလက်မဲ့ဖြစ်နေသည့် ဘုန်းမောက်အသင်း တောင်ပံကစားသမားဟောင်း ဂျော်ဒန်အိုင်ဘီကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဘုန်းမောက်၊ လီဗာပူး၊ ဘာမင်ဂမ်၊ ဒါဘီစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် Lokomotiv Sofia အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

အသက်(၂၉)နှစ်အရွယ်ရှိ ဂျော်ဒန်အိုင်ဘီက "ကျွန်တော် Lokomotiv Sofia အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)



## ဘီလ်ဘာအိုအသင်းနှင့် ကစားမည့်ပွဲစဉ်ကို နူးကမ့်ကွင်းသစ်တွင်ကစားမည်ဟု ဘာစီလိုနာအသင်းကြေညာ

**ဘာစီလိုနာ နိုဝင်ဘာ ၁၈**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ယခုတစ်ပတ် ယှဉ်ပြိုင်ကစားရန်ရှိသည့် ဘီလ်ဘာအိုအသင်းနှင့်ကစားမည့်ပွဲစဉ်ကို နူးကမ့်ကွင်းသစ်တွင် ကစားသွားမည်ဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နူးကမ့်ကွင်းသစ်သည် ပရိသတ် ၁၀၅၀၀၀အထိ ဝင်ဆံ့သည့် ကွင်းဖြစ်ကာ၊ ပြီးခဲ့သည့် ၂၀၂၃ခုနှစ်ကတည်းက တည်ဆောက်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိအချိန်မှ အသုံးပြုနိုင်ခြင်းဖြစ်သည်။




ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၂ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင် ဘီလ်ဘာအိုအသင်းနှင့် နူးကမ့်ကွင်းသစ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီ ဂါပွဲစဉ် ၁၂ပွဲ ကစားအပြီးတွင် ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၂) နေရာတွင် ရပ်တည်ခဲ့သည်။

(ဝဲပုံ) (NGB)

## 2025 Open Angers Loire Trelaze နိုဝင်ဘာ ၃၀ ရက်တွင် စတင်မည်

**ပါရီ နိုဝင်ဘာ ၁၈**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Open Angers Loire Trelaze တင်းနစ်ပြိုင်ပွဲသည် လာမည့် နိုဝင်ဘာ ၃၀ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Open Angers Loire Trelaze တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၃၀ရက်မှ ဒီဇင်ဘာ ၇ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Open Angers Loire Trelaze တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Open Angers Loire Trelaze တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Alycia Parks ဖြစ်သည်။

(အောက်ပုံ) (NGB)



## အာရှဖလားခြေစစ်ပွဲ (တတိယအဆင့်) အုပ်စုအလိုက် ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၉-၁၁-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ၆း၃၀နာရီ | F | လာအို - ဗီယက်နမ် | ဗီယက်နမ် ၅-၀ လာအို |

# အများသိစေရန် ကြေညာခြင်း

ဒေါ်နွယ်နွယ်ထွေး(ဘ-ဦးလောအိုက်)(၁၃/နမတ(နိုင်)၀၃၅၂၆၁)၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား၊ ၆၂လမ်းနေသူမှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်နွယ်နွယ်ထွေးသည် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၅/၃၆)၊ ၁၁၂လမ်းနှင့်၁၁၃လမ်း(ယခင်လမ်းအမည် စိန်ပန်းလမ်းနှင့် ကံ့ကော်လမ်းကြား)၊ ၆၂လမ်းတွင် **" 999 " အလူမီနီယမ်ဆိုင်အမှတ်တံဆိပ်မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်ကို (၂၃-၁-၂၀၁၉)ရက်တွင်လည်းကောင်း၊ HISOO Co.Ltd** ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ အရ ၂၀၂၀ ဖေဖော်ဝါရီ ၁၈ ရက်တွင် **Company Registration No.124847575** ဖြင့်လည်းကောင်း၊ **999 ALUMINIUM STAR COMPANY LIMITED** ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ အရ၊ ၂၀၂၁ ခုနှစ် ဧပြီ ၂၆ ရက်တွင် **Company Registration No.129843691** ဖြင့်လည်းကောင်း၊ **အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီများ**အဖြစ် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့ပြင် **999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်)**အမည်အမှတ်တံဆိပ်ကိုလည်း (၂၅-၁-၂၀၁၉)ရက်စွဲပါ မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၃၉၃၀/၂၀၁၉)အရ **" 999 "အလူမီနီယမ်ဆိုင်အမှတ်တံဆိပ်** ကို တရားဝင် အသုံးပြုလုပ်ကိုင်လျက်ရှိပါသည်။

ကုမ္ပဏီ၏အရောင်းဆိုင်ကိုလည်း ကုမ္ပဏီတည်ထောင်ရာနေရာဖြစ်သော မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၅/၃၆)၊ ၁၁၂လမ်းနှင့် ၁၁၃လမ်း (ယခင်လမ်းအမည် စိန်ပန်းလမ်းနှင့် ကံ့ကော်လမ်းကြား)၊ ၆၂လမ်းတွင် ဖွင့်လှစ်ခဲ့ပြီး **999 Aluminium Star Company Limited** (အလူမီနီယမ်စတားကုမ္ပဏီလီမိတက်)ကုမ္ပဏီအမည် အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းကိုလည်း**(၂၂-၈-၂၀၂၅)** ရက်တွင် **မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ထပ်မံ၍ ချုပ်ဆိုကြေညာခဲ့ပါသည်။**

**999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်)**

**အမည်အမှတ်တံဆိပ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**




ကြေညာသူ၏ **999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်)**အမည်အမှတ်တံဆိပ်ကို မူရင်းအမည်ပြောင်းလဲခြင်းမပြုဘဲ အင်္ဂလိပ်စာဖြင့်ဖြစ်စေ၊ မြန်မာစာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာတွဲလျက်ဖြစ်စေ၊ ဆေးရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် အခါအားလျော်စွာ ခေတ်နှင့်အညီ ရိုက်နှိပ်အသုံးပြုသွားမည်ဖြစ်ပါသည်။ **999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်)**အမှတ်တံဆိပ်ကို အသုံးပြုပြီး အလူမီနီယမ်ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်)**၏ အမည်၊ အမှတ်တံဆိပ်နှင့် အမှတ်အသား(လိုဂို)တို့အား ကြေညာသူနှင့် ကုမ္ပဏီ၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲခွင့်မရှိစေရပါ။ ကြေညာသူကုမ္ပဏီမှတပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ကုမ္ပဏီအသင်းအဖွဲ့ တစ်ခုခုကဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ရှေ့/နောက်စာလုံးပြောင်း၍ဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ရလျှင် တရားဥပဒေအရ တားဆီးပိတ်ပင်အရေးယူဆောင်ရွက်နိုင်စေရန်နှင့် မိမိအကျိုးစီးပွား ထိခိုက်ဆုံးရှုံးမှုနှင့်တကွ ကုန်ကျသောစရိတ်ငွေကြေးအရပ်ရပ်တို့အတွက် လျော်ကြေးများ တောင်းခံသွားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်မြို့၊ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုနိုင်ပါရန် **999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်) ကုမ္ပဏီအမည်အမှတ်တံဆိပ်ကိုလည်း မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ်၊ ချုပ်ဆိုကြေညာထားပြီးဖြစ်ကြောင်း 999 Aluminium Star Company Limited (ကိုးသုံးလုံးအလူမီနီယမ်စတားကုမ္ပဏီလီမိတက်)၏ ဒါရိုက်တာ ဒေါ်နွယ်နွယ်ထွေးမှ အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးတင်အောင်(ခ)ခင်မောင်ဇော်**

**(LL.B,Advocate)**

**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၆၇၃၅(၂–၂–၁၉၉၉)**

**F-10.B(3) ရွှေပြည်မန္တလာတိုက်တန်း၊ ချမ်းမြသာယာရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ Ph 09-441022003**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် (၁၆၄)၊ ၂၂လမ်းနှင့်၂၃လမ်းကြား၊ လမ်း၈၀နှင့်၈၁လမ်းကြားနေ (ဘ)ဦးရီစွတ်၏ သမီးဖြစ်သူ ဒေါ်မမကြီး(၉/မနမ(နိုင်)၀၃၀၆၉၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၄)၊ ဦးပိုင်အမှတ်(၈-င)၊ မြေဧရိယာ(၃၁)ပေခွဲ×(၇၁)ပေအကျယ်အဝန်းနှင့်ပတ်သက်၍ (၁၀-၆-၂၀၂၃)နှင့် (၁၉-၁-၂၀၂၄)ရက်၌ ချုပ်ဆိုခဲ့ကြသည့်စာချုပ်များအပေါ် ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)မှ ဆောင်ရွက်ပေးရန်ကိစ္စများအား ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်နေသည့်အတွက် (၂၅-၆-၂၀၂၅)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၀ ၌ မြေရှင်ထံသို့ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ်ဖြေရှင်းပေးရန် ဒေါ်မမကြီးမှ အသိပေးကြေညာခြင်း ပြုလုပ်ခဲ့သော်လည်း ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)မှ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ပါ။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မမကြီးနှင့် ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး) တို့ ချုပ်ဆိုခဲ့ကြသော (၁၀-၆-၂၀၂၃)၊ (၁၉-၁-၂၀၂၄)ရက်စွဲပါ ကတိပဋိညာဉ်အားလုံးကို ဤကြေညာသည့်ရက်မှစ၍ အပြီးအပိုင် ဖျက်သိမ်းလိုက်ပါကြောင်းနှင့် (၂၅-၆-၂၀၂၅)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၀ ၌ ဦးပိုင်အမှတ်(၈၁-င)ဟု ရေးသားဖော်ပြကြေညာထားခြင်းအား ဦးပိုင်အမှတ်(၈-င)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မမကြီး**
**(၉/မနမ(နိုင်)၀၃၀၆၉၂)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်မျိုးရွှေ (LL.B)** **ဒေါ်အိမ့်ရတီမိုး (LL.B)**
**(အထက်တန်းရှေ့နေများ)**
**၂၇လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၇၅၂၀၂၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၄)၊ ၂၂လမ်းနှင့်၂၃လမ်းကြား၊ လမ်း၈၀နှင့်၈၁လမ်းကြားနေ (ဘ)ဦးရီစွတ်၏ သမီးဖြစ်သူ ဒေါ်မြမြဝင်း(၉/မနမ(နိုင်)၀၃၁၃၀၀)၊ (ဘ)ဦးဝင်းရှိန်(ခ)ဦးဝင်းဖေ၏သားဖြစ်သူ ဦးဂျွန်ဝင်းဟန်(ခ)နူးရ်မိုဟမ္မဒ်(၉/အမဇ(နိုင်)၀၅၈၅၀၇)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၄)၊ ဦးပိုင်အမှတ်(၈-ဃ)၊ မြေဧရိယာ(၃၁)ပေခွဲ×(၇၁)ပေအကျယ်အဝန်းနှင့်ပတ်သက်၍ (၁၀-၆-၂၀၂၃)နှင့် (၁၉-၁-၂၀၂၄)ရက်၌ ချုပ်ဆိုခဲ့ကြသည့်စာချုပ်များအပေါ် ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)မှ ဆောင်ရွက်ပေးရန်ကိစ္စများအား ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်နေသည့်အတွက် (၂၅-၆-၂၀၂၅)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၀ ၌ မြေရှင်ထံသို့ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ်ဖြေရှင်းပေးရန် ဒေါ်မြမြဝင်းနှင့် ဦးဂျွန်ဝင်းဟန်(ခ)နူးရ်မိုဟမ္မဒ်တို့မှ အသိပေးကြေညာခြင်း ပြုလုပ်ခဲ့သော်လည်း ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)မှ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ပါ။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်မြမြဝင်း၊ ဦးဂျွန်ဝင်းဟန်(ခ)နူးရ်မိုဟမ္မဒ်နှင့် ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)တို့ ချုပ်ဆိုခဲ့ကြသော(၁၀-၆-၂၀၂၃)၊(၁၉-၁-၂၀၂၄)ရက်စွဲပါ ကတိပဋိညာဉ်အားလုံးကို ဤကြေညာသည့်ရက်မှစ၍ အပြီးအပိုင် ဖျက်သိမ်းလိုက်ပါကြောင်းနှင့် (၂၅-၆-၂၀၂၅)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၀ ၌ ဦးပိုင်အမှတ်(၈၁-ဃ)ဟု ရေးသားဖော်ပြကြေညာထားခြင်းအား ဦးပိုင်အမှတ်(၈-ဃ)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ဦးတင်မောင်ထွန်း(ပန်းတိုင်-ဆောက်လုပ်ရေး)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**၁။ ဒေါ်မြမြဝင်း**
**(၉/မနမ(နိုင်)၀၃၁၃၀၀)**
**၂။ ဦးဂျွန်ဝင်းဟန်(ခ)**
**နူးရ်မိုဟမ္မဒ်**
**(၉/အမဇ(နိုင်)၀၅၈၅၀၇)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်မျိုးရွှေ (LL.B)** **ဒေါ်အိမ့်ရတီမိုး (LL.B)**
**(အထက်တန်းရှေ့နေများ)**
**၂၇လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၇၅၂၀၂၇၇**

## သင်္ဂြိုဟ်ပြီးစီးခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ အကွက်(၅)၊ ဒေါနဘွားရပ်၊ အိမ်အမှတ်(၁၀၄/၈)နေ (ဦးကြီးမြင့်)+(ဒေါ်လှရင်)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ မောင်၊ ဦးနေဝင်းအောင်+ဒေါ်စိမ်းစိမ်းမြင့်တို့၏အစ်ကို၊ ကိုအောင်ခိုင်ဇော်၊ မထိုက်ထိုက်ဇော်၊ ကိုလင်းထက်ဇော်တို့၏ ချစ်လှစွာသော ဖခင်၊ ချမ်းအေးသာစံမြို့နယ်၊ မလွန်အိုးတန်းကြီးရပ်၊ ငွေလမင်းတိုက်နေ ဒေါ်မာမာသန်း၏ ချစ်လှစွာသော ခင်ပွန်း

**ဦးဇော်မြင့် အသက်(၇၂)နှစ်**

**(စ.စ.စ)(ငြိမ်း) အပတ်စဉ်(၁၅)၏ မန္တလေးအသင်းဥက္ကဋ္ဌ**

သည် ၁၁-၁၁-၂၀၂၅ ရက်၊ အင်္ဂါနေ့၊ ညနေ (၄း၃၀)နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၅ ရက်၊ ကြာသပတေးနေ့ နံနက် (၁၁း၀၀)နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီး၍ ၁၅-၁၁-၂၀၂၅ ရက် စနေနေ့ နံနက် (၁၁း၀၀)နာရီ၌ နန်းရှေ့ ၆၃(B)လမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅-န/၃)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၁၂၂၀) ဧက အကျယ်အဝန်းရှိသော ဒေါ်ဆောင်းပပ(ပါ-၃)အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ(၁)လုံး၊ နံကပ်(၂)ထပ် အဆောက်အအုံ(၁)လုံး၊ အဝီစိတွင်း၊ ပါဝါမီတာ(၁)လုံး၊ လျှပ်စစ်မီတာ(၂)လုံး(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဟန်မင်းဇော်(ဘ)ဦးထွန်းအောင်(၁၃/ကမန(နိုင်)၀၆၂၃၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးသောင်းစိန် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံတံတိုင်း အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်စိမ်းမို့မို့(ဘ)ဦးကြည်လုံး(၉/နထက(နိုင်)၁၄၂၂၄၉)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုလတ်(LL.B)** **ဒေါ်ဝါဝါကို(LL.B)** **ဦးအောင်ခိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၁၉)၊ မြေဧရိယာ(၀ ဒသမ ၀၉၃၂)ဧက ကျယ်ဝန်းသော ဒေါ်ထူးမိမိ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ + မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ထူးမိမိ(ဘ)ဦးခင်သက်(၉/မရတ(နိုင်)၀၅၇၆၃၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အိမ်အမှတ်(ဏ-၄/၅၈)၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၆၃(B)လမ်း၊**
**မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၁၁၈၆၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ကွင်း၊ကွင်းအမှတ်(၅၃၅-က)ရှိ ဦးပိုင်အမှတ်(၂၅/၂)၊ဧရိယာ(၁ ဒသမ ၀၁)ဧက အကျယ်အဝန်းရှိ ဦးကျော်အေး အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ရရှိထားသော လယ်ယာမြေများနှင့် ဦးပိုင်အမှတ်(၁၄/၅)၊ ဧရိယာ(၀ ဒသမ ၆၀) ဧက အကျယ်အဝန်းရှိ ဦးဇော်ဝင်းမောင် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ရရှိထားသော လယ်ယာမြေများပေါ်ရှိ လုပ်ကိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းစာချုပ်/ GP တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရှောက်ဝူး(ဘ)ဦးလောကျန့်(၁၃/နမတ(နိုင်)၀၂၆၄၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သီတာက ဝယ်ယူရန် သဘောတူ၍ ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်သီတာ(ဘ)ဦးလောဟွာ**
**၁၃/ကခန(နိုင်)၀၃၉၁၄၀**

**လွှဲအပ်ချက်အရ-**
**ဦးမင်းထွေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**သမ္မတောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၃၀၄၄၇၄၁၊ ၀၉-၉၇၆၃၂၀၅၂၅**

❖ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိ

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်မှု ရှိ/မရှိအား အဖွဲ့စုံပါဝင်သည့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ရှင်းလင်းဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အသက်၊ သွေး၊ ချွေးများ၊ ယာဉ်ယန္တရားများ၊ ငွေကြေးများစွာ ကုန်ကျခံရင်းနှီးပေးဆပ်၍ ပူးပေါင်းပါဝင်တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို တိုက်ဖျက်လျက်ရှိရာ ကရင်ပြည်နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်မှုမရှိစေရေး နိုင်ငံတော်အစိုးရအနေဖြင့် ညွှန်ကြားထားရှိပြီး မြေပြင်တွင် လိုက်နာလုပ်ကိုင်ဆောင်ရွက်နေမှု ရှိ/မရှိနှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်နေခြင်း ရှိ/မရှိတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့်

စာမျက်နှာ ၈ သို့ ◆




မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်နေသည့် အဆောက်အအုံများအား စနစ်တကျဖောက်ခွဲဖျက်ဆီးရှင်းလင်းနေမှုကို တွေ့ရစဉ်။

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် ဂျပန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် နိုဝင်ဘာ ၁၈**

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်တွင် ဂျပန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်က ဂျပန် အသင်းနှင့် ဘိုလီးဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်အသင်းက ဘိုလီးဗီးယားအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျပန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၄ မိနစ်တွင် ကာမာဒါ၊ ပွဲချိန် ၇၁ မိနစ်တွင် မာချီနို၊ ပွဲချိန် ၇၈ မိနစ်တွင် နာကမူရာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျပန်အသင်းသည် နိုဝင်ဘာလအတွင်း ကစားခဲ့သည့် ခြေစမ်းပွဲစဉ် နှစ်ပွဲတွင် နှစ်ပွဲစလုံး နိုင်ပွဲရယူနိုင်ခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက တောင်ကိုရီးယားအသင်းနှင့် ဂါနာအသင်းတို့ ပွဲစဉ်တွင်လည်း တောင်ကိုရီးယားအသင်းက ဂါနာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

တောင်ကိုရီးယားအသင်းသည် ၂၀၂၅ခုနှစ်အတွင်း နိုင်ငံတကာခြေစမ်းပွဲစဉ်(၆)ပွဲကစားထားရာ (၄)ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

(NGB)




## မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၁၄ နှင့် ၁၅ တို့တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကိုမိုရင်းဧရိယာသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

မိုး/ဇလ